မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက် ၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၉၂)

ပြင်စလူဒေသကို မုန်တိုင်း ပြင်းထန်စွာတိုက်ခတ်ခဲ့ ယခုအခါ ဝန်းကျင်ကျေးရွာများ ပြန်လည်ဖွံ့ဖြိုးလာ စံပြမြို့၊ စံပြကျေးရွာများဖြစ်လာအောင် ဆက်လက်ကြိုးပမ်း စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ နေသားကျရေးဆောင်ရွက်

မုန်တိုင်းခိုလှုံရာ အဆောက်အအုံများကို ပင်လယ်နှင့် ဆက်စပ်ဒေသများတွင် အမြန်ဆောက်လုပ်

ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေ

နိုင်ငံတစ်နိုင်ငံက တစ်နိုင်ငံကိုလက်နက်ဖြင့် ပြောင်ပြောင် တင်းတင်း ကျူးကျော်တိုက်ခိုက်ကာ ကျွန်ပြုသည့်စနစ်သည် ယနေ့ခေတ်တွင် မေးမှိန်သွားပြီဖြစ်သော်လည်း နိုင်ငံကြီးအချို့သည် သူတစ်ပါး၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်ကာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း နယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးရန် ကြိုးပမ်းအားထုတ်နေကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ−

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့၌ အသက်ကယ်ကုန်းမြင့်တည်ဆောက်နေမှုလုပ်ငန်းများကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၃၀

ဧရာဝတီတိုင်း ပုသိမ်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ၂၉ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာရာ လမ်းတစ်လျှောက်ရှိ ကျုံကူးနှင့် ဇီးချိုင့်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးပြီး နံနက်၁၀နာရီ မိနစ် ၅၀တွင် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ✳

ပြင်စလူမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်)

လေဘေးသင့်ဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အစိုးရ ပြည်သူနှင့်တပ်မတော် ပေါင်းစည်းဆောင်ရွက် ဒေသခံပြည်သူများ ဟန်ချက်ညီညီ လက်တွဲပါဝင်ကြိုးပမ်း

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုအားပေးရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဒီဇင်ဘာ ၂၈ရက်နေ့က ဖျာပုံမြို့သို့ ရောက်ရှိခဲ့သည်။

နိုင်ငံတော်အကြီးအကဲက "ဧရာဝတီတိုင်းသည် ရေမြေသယံဇာတပေါကြွယ်ဝသော တိုင်းကြီးတစ်တိုင်းဖြစ်ရာ ယင်းသယံဇာတနှင့် လုပ်အားကို ပေါင်းစပ်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်လာအောင် ကြိုးစားသွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်ပူးပေါင်းပြီး လုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရန်လိုကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

ယခုအခါ မုန်တိုင်းသင့်ခဲ့သော ဒေသများ၏အခြေအနေသည် များစွာတိုးတက်လျက်ရှိနေပြီ ဖြစ်သည်။ ပြန်လည်နေရာချထားရေးအပိုင်းကို ဆောင်ရွက်လျက်ရှိသည်မှာ အရှိန်အဟုန်ရရှိနေပြီ ဖြစ်သည်။

စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်းများ၊ လူနေအိမ်များ၊ Cyclone Shelter များ တည်ဆောက်ရေးအပိုင်း၊ လမ်းသစ်များဖောက်လုပ်၍ လမ်းကွန်ရက်ထူထောင်ရေးအပိုင်းများကို ပွင့်လင်းရာသီ၌ အချိန်မီပြီးစီးရန် ဆောင်ရွက်ရမည် ဖြစ်သည်။

လေဘေးကြောင့်ထိခိုက်ခဲ့သော စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းစသည့် ဒေသတွင်းစီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူထောင်ပေးလျက်ရှိရာ မူလအနေအထားသို့ ပြန်လည်ရောက်ရှိသင့်သလောက် ရောက်ရှိနေပြီဖြစ်သည်။ စီးပွားရေးအခြေအနေများ ပုံမှန်အခြေအနေသို့ အမြန်ရောက်ရှိရန် ဒေသခံပြည်သူများက ဆက်လက်ကြိုးပမ်းသွားကြရမည် ဖြစ်သည်။

မုန်တိုင်းဒဏ်ခံရသောဒေသများသည် မုန်တိုင်းမတိုက်မီ အခြေအနေထက် ပိုမိုတိုးတက်ရမည်ဆိုသည့် ရည်မှန်းချက်ဖြစ်ရာ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအပိုင်းတို့သည် နိုင်ငံတော်၏ စီမံကိန်းတစ်ရပ်ဖြစ်ရာ စနစ်တကျ ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နိုင်ငံတော်တစ်ဝန်းမှ ပြည်သူများအားလုံးသည် ညီအစ်ကိုမောင်နှစိတ်ဓာတ်၊ တစ်ဦးနှင့်တစ်ဦး ထောက်ထားစာနာသည့်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် စေတနာသဒ္ဓါတရား ထက်သန်စွာ ဝိုင်းဝန်းကူညီကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ လေဘေးသင့်ဒေသများ မုန်တိုင်းမတိုက်မီအခြေအနေထက် ပို၍ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစည်းဆောင်ရွက်ရာ၌ ဒေသခံပြည်သူများက အားကြိုးမာန်တက် ဟန်ချက်ညီညီ လက်တွဲဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၃၁-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅:၂၀ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၄၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၅၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၃၀ ၁၅။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးလူဆာ** (အပိုင်း-၈)
၆:၄၅ ၁၆။ လျှပ်တစ်ပြက်
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံယောဇဉ်နှောင်ကြိုး** (အပိုင်း-၃၈)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဖြေလိုက်ပါ
၂၂။ ICT သုတ
၂၃။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၂၁)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း လောင်းလုံမြို့နယ်ရှိ လောင်းလုံဆီအုန်းစက်ရုံခွဲတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ပုလောမြို့နယ် ကျောက္ကာကျေးရွာ တိုက်နယ်ဆေးရုံသို့ ဆေးရုံသုံးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

နေပြည်တော် ဒီဇင်ဘာ ၃၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့သည် ဒီဇင်ဘာ ၂၈ရက်က မြိတ်ခရိုင် ပုလောမြို့နယ် ကျောက္ကာကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

တွေ့ဆုံ

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျေးရွာခန်းမဆောင်၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကြသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းသည် ကျောက္ကာ အလယ်တန်းကျောင်းနှင့် မူလတန်းကျောင်းတို့အတွက် စာရေးကိရိယာများ၊ ဗလာစာအုပ်များ၊ ဘိလပ်မြေအိတ်များနှင့် လိုအပ်သည်များကို ထောက်ပံ့သည်။

ဆီအုန်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ထားဝယ်ခရိုင် လောင်းလုံမြို့နယ်ရှိ လောင်းလုံဆီအုန်းစက်ရုံခွဲ၌ ဆီအုန်းပင်များဖြစ်ထွန်းနေမှု၊ ဆီသီးဆွတ်ခူးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ထားဝယ်မြို့ရှိ ဝင်းသူဇာ အရောင်းကိုယ်စားလှယ်ဆိုင်ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့ ရေပေးရေး တိုးချဲ့ဆောင်ရွက်

ကန့်ဘလူ ဒီဇင်ဘာ ၃၀

ကန့်ဘလူမြို့၌ ရေပေးရေး တိုးချဲ့ဆောင်ရွက်လျက်ရှိရာ အမှတ်(၂)ရပ်ကွက်အတွင်း လေးလက်မ ပီဗွီစီ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေမျိုးနိုင်တို့က ကြပ်မတ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမျိုးသားအဆင့် အာဆီယံသီချင်းပြိုင်ပွဲ ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီ (ASEAN-COCI)က ကြီးမှူး၍ မြန်မာနိုင်ငံတွင်ကျင်းပသည့် အမျိုးသားအဆင့် အာဆီယံသီချင်းပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်၁၀နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပသည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ရှေးဦးစွာ အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးအမျိုးသားကော်မတီဥက္ကဋ္ဌ မြန်မာသမိုင်းကော်မရှင်အဖွဲ့ဝင် ဒေါက်တာခင်မောင်ညွန့်က အမှာစကားပြောကြားပြီး ပြိုင်ပွဲအကဲဖြတ် စိစစ်ရေးအဖွဲ့ဝင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးစန်းဝင်းက ASEAN Anthem စီမံကိန်းအကြောင်း ရှင်းလင်းပြောကြားပြီး အမျိုးသားအဆင့် အာဆီယံသီချင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ဦးမြင့်မိုးအောင်နှင့် အထူးဆုရရှိကြသူ ၁၂ဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဆုရရှိသူများကိုယ်စား ဦးမြင့်မိုးအောင်က ကျေးဇူးတင်စကားပြောကြားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၁၂-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇:၀၀-၁:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅ **ပန်းကန်ပြားတစ်ချပ်နှင့် ကျေးဇူးဆပ်သူ** တရားတော် အရှင်ဥတ္တရ (ကျိုက်ဒေးယျုံဆရာတော်)
၈:၀၅-၂:၀၅ Industrial Talk [ဒေါက်တာအောင်သိန်း၊ ဦးမြင့်ဇော်၊ ဦးတင်အောင်ရွှေ (သုတေသီ)]
၈:၃၅-၂:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀-၃:၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ **အချစ်ငတ်အေဝီ ရိုက်ကွင်းအမှတ်တရ**
၉:၁၅-၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅-၃:၂၅ Midweek Sports News
၉:၄၀-၃:၄၀ တေးဂီတအစီအစဉ်
၉:၄၅-၃:၄၅ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀ လေ့လာဆည်းပူး သင်ယူချင်စရာ R.V Centre မှာ (အပိုင်း-၂)
၁၀:၂၀-၄:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅-၄:၂၅ မိုးလေဝသခန့်မှန်းချက်
၁၀:၃၀-၄:၃၀ Art Vision (ကျွန်တော်တို့ချစ်သော မန္တလေးဓာတ်ပုံပြပွဲ)
၁၀:၅၀-၄:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅-၄:၅၅ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၅-၅:၀၅ လှပချစ်စရာ လက်မှုအနုပညာ (Sweet Pink)
၁၁:၃၅-၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀-၅:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅ ဆီးချို၊သွေးချိုရောဂါဆိုင်ရာ လွဲမှားချက်များ (အပိုင်း-၂) (ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်)
၁၂:၀၀-၆:၀၀ တေးဂီတအစီအစဉ်
၁၂:၀၅-၆:၀၅ မွေးပျို့လှိုင်လှိုင် ဟင်းခတ်အမွှေးအကြိုင်
၁၂:၂၀-၆:၂၀ Myanmar Video Rhythm
၁၂:၄၅-၆:၄၅ ဆေးဖက်ဝင်သစ်ခွ၏ အသုံးဝင်မှုများထဲမှ . . .
၁:၀၀-၇:၀၀ MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အင်းတော်မြို့၌ ကျေးလက်ကျောက်ချောလမ်းခင်း

အင်းတော် ဒီဇင်ဘာ ၃၀

အင်းတော်မြို့ ဆည်ရွာ-မန်လည်ကျေးရွာသို့ ဆက်သွယ်သည့် မဟာဗျူဟာလမ်းမ အရှည်၅မိုင်၃ဖာလုံရှိ ကျောက်ချောလမ်းခင်းနေမှုကို ဒီဇင်ဘာ ၂၀ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမင်းစိုးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို
မော်ဘီနှင့်တိုက်ကြီးမြို့နယ်တွင် လမ်းသစ်ဖွင့်ပွဲများ ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြောက်ပိုင်းခရိုင် မော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်တို့အတွင်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားများကို ယမန်နေ့ နံနက်ပိုင်းကကျင်းပခဲ့ရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရွှေဦးစွာ မော်ဘီမြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်းမြင့်သာယာ ကတ္တရာလမ်းသစ်ဖွင့်ပွဲကို နံနက် ၇နာရီတွင် ကျင်းပရာ မော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းဖောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌတို့က ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တိုက်ကြီးမြို့နယ် အိုးတန်းရပ်ကွက် ငှက်ပျောတောလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို တက်ရောက်အားပေးချီးမြှင့်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် မော်ဘီမြို့နယ် အမှတ်(၃)ရပ်ကွက် ကုန်းမြင့်သာယာ ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။ (သတင်းစဉ်)

ပင်လောင်း ရင်းမှီးကျေးရွာ 'ပညာဘဏ်တိုက်' စာကြည့်တိုက်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် စင်းတောင်းအုပ်စု ရင်းမှီးကျေးရွာ ''ပညာဘဏ်တိုက်'' ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ရက် နံနက် ၁၀နာရီက အဆိုပါကျေးရွာ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေ၊ ရပ်မိရပ်ဖ ဦးထွန်းဟန်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လှူဒါန်း

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးအုန်းရွှေက စာကြည့်တိုက်ငွေပဒေသာပင် ကျပ် ၁၀၀၀၀၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးကျော်စိုးက ဂျာနယ်မျိုးစုံစောင်ရေ ၅၀၊ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က သုတ/ရသ စာအုပ် ၅၀နှင့် ဂျာနယ်မျိုးစုံစောင်ရေ ၅၀၊ စင်းတောင်းအုပ်စုဥက္ကဋ္ဌဦးဝင်းဦးက ငွေပဒေသာပင် ကျပ် ၁၀၀၀၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူပြီး ရပ်မိရပ်ဖဦးထွန်းဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

တောင်ကြီးမြို့ အိမ်တော်လမ်း မြို့တွင်းကတ္တရာလမ်းဖွင့်

တောင်ကြီး ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းအိမ်တော်လမ်း တိုးချဲ့ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက်၉နာရီက အဆိုပါလမ်းမုခ်ဦးထိပ်၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့် တက်ရောက် ချီးမြှင့်သည်။

အခမ်းအနားသို့ ဒုတိယတိုင်းမှူးနှင့် ဦးစီးအရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူလေးများနှင့် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တောင်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မြင့်က လမ်းသစ်တိုးချဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ကြီးနှင့် ရှမ်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအောင်မြင့်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ အဆိုပါ တိုးချဲ့ကတ္တရာလမ်းမှာ အကျယ်၂၄ပေ၊ အလျားပေ၁၂၀၀ရှိပြီး ဧပြီ၁၉ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၂ရက်တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ကြောင်း သိရသည်။ (မြန်မာ့အလင်း)

နောင်ချိုမြို့၌ ကတ္တရာလမ်း ဖွင့်ပွဲကျင်းပ

နောင်ချို ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နောင်ချို မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သည့် နောင်ချိုမြို့နယ် ပန်ဟတ်ရပ်ကွက်ရှိ သဇင်လမ်းသွယ်(၁) ကတ္တရာလမ်း ဖွင့်ပွဲကို ၂၀၀၈ခုနှစ် ဒီဇင်ဘာ၂၄ရက် နံနက် ၈နာရီခွဲတွင် အဆိုပါလမ်း မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲအုပ်သိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးမှ ဦးမျိုးမြင့်အောင်နှင့် ဦးခင်မောင်ချိုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။ (အောက်ပုံ)

ဆောင်ရွက်

အဆိုပါလမ်းမှာ အကျယ် ၁၂ ပေ၊ အရှည် ပေ၇၀၀ရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး အဖွဲ့ရန်ပုံငွေကျပ် ၆၂၈၁၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ (မြို့နယ်စည်ပင်)

သုံးခွမြို့ အနော်ရထာလမ်း ကတ္တရာလမ်းဖွင့်

သုံးခွ ဒီဇင်ဘာ ၃၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့၌ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁၁) ရပ်ကွက် အနော်ရထာလမ်း ကတ္တရာလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က ကျင်းပရာ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းလှိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။ **(အပေါ်ပုံ)**

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဘွားက လမ်းဆောင်ရွက်မှုများ ရှင်းလင်းပြီး ရပ်ကွက်နေ ပြည်သူများကိုယ်စား ဒေါက်တာမြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဖျော်ဖြေ

အခမ်းအနားသို့ တက်ရောက်လာကြသည့် ရပ်ကွက်နေ ပြည်သူများအား အထက(၁) ကျောင်းမှ ကျောင်းသား ကျောင်းသူများက ဘင်ခရာတီးဝိုင်းအဖွဲ့၊ ပန်းဖွားအကများဖြင့် ဖျော်ဖြေကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မူဆယ်မြို့ ယာဉ်စည်းကမ်း လမ်းညွှန်အမှတ်အသား ရေးဆွဲ

မူဆယ် ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မူဆယ်မြို့နယ်အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေရေး ဆောင်ရွက်ခြင်း၊ မီးပွိုင့်များ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၃ရက်က မူဆယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးက လမ်းညွှန်အမှတ်အသားများ ရေးဆွဲခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြသည်။ **(မြို့နယ်စည်ပင်)**

စက်မှု(၁) အထူးဈေးရောင်းပွဲတော်များ ဖွင့်မည်

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၀၉ခုနှစ် (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်များကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်၌ ဒီဇင်ဘာ ၂၇ရက် မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂ရက်အထိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၂ရက်အထိ၊ ပဲခူးတိုင်း တောင်ငူမြို့၌ ဒီဇင်ဘာ ၃၁ရက်မှ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၇ ရက်အထိ၊ ပဲခူးတိုင်း သာယာဝတီမြို့၌ ၂၀၀၉ခုနှစ် ဇန်နဝါရီ ၃ရက်မှ ၉ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အီရတ်မြောက်ပိုင်း မိုဆူးလ်၌ ဗုံးခွဲတိုက်ခိုက် တစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရရှိ

မိုဆူးလ် ဒီဇင်ဘာ ၃၀

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် အီရတ်လူငယ်တစ်ဦးသေဆုံးကာ ၁၇ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၃၀ ရက်တွင် ပြောကြားသည်။

ဖြစ်ပွား

အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲတိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပွားလာလျက်ရှိရာ စစ်ဘက်ဆိုင်ရာ ပစ်မှတ်များနှင့်အတူ အရပ်သားများကိုပါ ဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်လာသည်။

ကန့်ကွက်

ထို့အတူ အီရတ်မြို့ကြီးများဖြစ်သော မိုဆူးလ်၊ ဖလူးဂျာနှင့်ဆာမာရာမြို့များတွင် အစ္စရေးတို့က ပါလက်စတိုင်းတို့အား လေကြောင်းမှ တိုက်ခိုက်နေမှုအပေါ် ပြည်သူများက ဆန္ဒပြကန့်ကွက်လျက်ရှိသည်။

ဆင်နွှဲ

အန်ဘာပြည်နယ် မြို့ကြီးများ၌လည်း အစ္စရေးတို့တိုက်ခိုက်မှုအား ဆန္ဒပြပွဲများ ပြုလုပ်ကန့်ကွက်လျက်ရှိရာ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူတို့ ပါဝင်ဆင်နွှဲလျက်ရှိသည်။

(အင်တာနက်)

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်မြောက်ပိုင်း ကာဒီမီယာအရပ်တွင် ကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားကို ဒီဇင်ဘာ ၂၉ရက်က တွေ့ရစဉ်။ (ယင်းဖြစ်ရပ်တွင် ၂၂ဦးသေဆုံးပြီး ၅၄ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။)

(အင်တာနက်ဓာတ်ပုံ)

ဟားမတ်စ်တို့အား အစ္စရေးတို့လေကြောင်းမှ ဆက်လက်တိုက်ခိုက် ပါလက်စတိုင်း ၂၂ ဦးသေဆုံး၊ ၇၀ ကျော်ဒဏ်ရာရ

ဂါဇာ ဒီဇင်ဘာ ၃၀

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ဒီဇင်ဘာ ၂၉ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် လေကြောင်းမှစီးနင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာ ပါလက်စတိုင်း ၂၂ဦးသေဆုံးပြီး ၇၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဝန်ထမ်းများ၊ မျက်မြင်တွေ့ရှိသူများနှင့် ဂါဇာအရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး မိုအာဝီယာအာဟူဟက်ဆာနီအင်တို့က ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းနေ့နံနက်ပိုင်းက အစ္စရေးတို့၏ လေကြောင်းမှ နှစ်ကြိမ်တိုက်ခိုက်ခဲ့မှုကြောင့် ဂါဇာကမ်းမြောင်ရှိ ဘီအစ်လာဟီယာနှင့် ဘီအစ်ဟာနွန်ဒေသတို့တွင် ၁၂ဦးသေဆုံးပြီး ၃၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဆေးဘက်ဝန်ထမ်းများနှင့် မျက်မြင်များက ပြောကြားခဲ့သည်။

အကြိမ် ၄၀တိုက်ခိုက်

ယင်းနေ့ညနေပိုင်းက အစ္စရေးတို့သည် ဂါဇာမြို့မှ ဟားမတ်စ်တို့၏ ဌာနများနှင့် လုံခြုံရေးအဆောက်အအုံများကို ပစ်မှတ်ထားပြီး လေကြောင်းမှအကြိမ် ၄၀ တိုက်ခိုက်ခဲ့ရာ ၁၀ဦးသေဆုံးပြီး ၄၀ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဟက်ဆာနီအင်က ဖွင့်ဟပြောကြားခဲ့သည်။

၁၆၈၀ဒဏ်ရာရ

အစ္စရေးတို့ ဂါဇာကမ်းမြောင်အား လေကြောင်းတိုက်ခိုက်မှု စတင်ခဲ့သည့် ဒီဇင်ဘာ ၂၇ရက်မှ ယနေ့အထိ ဂါဇာကမ်းမြောင်တွင် ပါလက်စတိုင်း ပြည်သူ ၃၆၀ သေဆုံးခဲ့ပြီး ၁၆၈၀ ဒဏ်ရာရရှိခဲ့သည်။

သတင်းထုတ်ပြန်

ဟားမတ်စ်တို့အား ပစ်မှတ်ထားလျက် လေကြောင်း တိုက်ခိုက်မှုများကို ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း အစ္စရေးစစ်ဘက်က အတည်ပြုသတင်းထုတ်ပြန်ခဲ့သည်။

(အင်တာနက်)

ကနေဒါ တပ်ဖွဲ့ဝင်နှစ်ဦး အာဖဂန်နိုင်ငံ၌ သေဆုံး

အော့တဝါ ဒီဇင်ဘာ ၃၀

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဒီဇင်ဘာ ၂၇ ရက်က ဗုံးပေါက်ကွဲသဖြင့် ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရသွားကြောင်း ကနေဒါ ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၈ ရက်တွင် ကြေညာသည်။

ကန်ဒါဟာမြို့ အနောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် ကနေဒါတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန် ရဲအရာရှိတစ်ဦး၊ အာဖဂန်စကားပြန်တစ်ဦးတို့နှင့်အတူ ထိမှန်သေဆုံးခဲ့ခြင်း ဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံသို့ ကနေဒါတပ်ဖွဲ့ဝင်များ ၂၀၀၂ ခုနှစ်တွင် စတင်စေလွှတ်ကတည်းက ယနေ့အထိ အာဖဂန်နစ္စတန်နိုင်ငံ၌ သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင်ပေါင်း ၁၀၆ ဦးရှိသွားပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဟားမတ်စ်တို့ ပစ်ခတ်တိုက်ခိုက်၊ အစ္စရေးသုံးဦးသေဆုံး

ဂျေရုဆလင် ဒီဇင်ဘာ ၃၀

ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒီဇင်ဘာ ၂၉ရက် ညနေပိုင်းက ပစ်ခတ်ခဲ့သော ဒုံးကျည်သည် ဘတ်စ်ကားမှတ်တိုင်သို့ ကျရောက်ထိမှန်ခဲ့မှုကြောင့် အစ္စရေးအမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းစာ ဟာအရက်ဇ်က သတင်း ထုတ်ပြန်ခဲ့သည်။

သေဆုံး

ယင်းဖြစ်ရပ်ဖြစ်ပွားပြီး မကြာမီ ပါလက်စတိုင်းစစ်သွေးကြွများက ဂါဇာကမ်းမြောင် ဒေသမှ အစ္စရေးနိုင်ငံတောင်ပိုင်းသို့ ဒုံးကျည်များ၊ မော်တာများဖြင့် ပစ်ခတ်မှုကြောင့် အစ္စရေးနှစ်ဦး ထပ်မံသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

(အင်တာနက်)

လေပြင်းကြောင့် မစ်ချီဂန်၌ ဓာတ်အားပြတ်တောက်

ဝါရှင်တန် ဒီဇင်ဘာ ၃၀

အမေရိကန်နိုင်ငံ မစ်ချီဂန်ပြည်နယ် အရှေ့တောင်ပိုင်းတွင် ဒီဇင်ဘာ ၂၈ရက်က လေပြင်းထန်စွာတိုက်ခတ်ခဲ့မှုကြောင့် အိမ် ၂၃၀၀၀၀ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ကြောင်း၊ ယင်းတို့အနက်မှ ၁၃၅၀၀၀ မှာ ဒီဇင်ဘာ ၂၉ရက်အထိ လျှပ်စစ်မီး ပြတ်တောက်ဆဲပင်ဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

ဖြန့်ဖြူး

လျှပ်စစ်ဓာတ်အားပြတ်တောက်သည့် အိမ်ခြေများ၏ ၉၀ ရာခိုင်နှုန်းကို ဒီဇင်ဘာ ၃၀ ရက်ညပိုင်းတွင် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးခဲ့ကြောင်း ဒီတီအီးစွမ်းအင်ဌာနက သတင်း ထုတ်ပြန်သည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

နယ်သာလန်ဘုရင့်နိုင်ငံဆိုသည်မှာ . . . .

သတင်းအက်ဆေး

နယ်သာလန်ဘုရင့်နိုင်ငံသည် ဥရောပအနောက်မြောက်ဒေသတွင် တည်ရှိသည်။ ဤနိုင်ငံ မြေမျက်နှာပြင်စုစုပေါင်း၏ လေးပုံတစ်ပုံမှာ ပင်လယ်ရေမျက်နှာပြင်အောက်သို့ ရောက်ရှိနေမှုကြောင့် နိုင်ငံအမည်နှင့်လိုက်ဖက်လျက် ရှိသည်။

စည်းမျဉ်းခံဘုရင်စနစ်

ကမ္ဘာ့အထင်ကရ ရေကြောင်းကုန်သွယ်ရေး နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ၁၆ရာစုက အခြေခံများစတင်ချမှတ်ခဲ့စဉ် ဤနိုင်ငံမှာ သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် စတင် လွတ်လပ်ရေးရခဲ့သည်။ ယခုမူ ဤနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးလျက် ရှိသည်။

ဥရောပသမဂ္ဂထူထောင်ရေးတွင် ဤနိုင်ငံက အစဉ်အလာအရ စိတ်အား ထက်သန်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။ သို့သော် ဤနိုင်ငံမှ မဲဆန္ဒရှင်ပြည်သူများက ပြင်သစ်ပြည်သူများကဲ့သို့ပင် ၂၀၀၅ခုနှစ် ပြည်သူ့ဆန္ဒခံယူပွဲတွင် ဥရောပသမဂ္ဂ(အီးယူ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ချလိုက်သည်။

သမိုင်းကိုပြန်ကြည့်လျှင် ၁၉၁၄-၁၉၁၈ခုနှစ်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားစဉ် ဤနိုင်ငံက ကြားနေဝါဒကျင့်သုံးခဲ့သည်။ ၁၉၂၂ခုနှစ်တွင် ဒတ်ချ်အမျိုးသမီးများ မဲပေးခွင့်ရသည်။ ၁၉၃၉ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ဤနိုင်ငံက ကြားနေကြောင်း ကြေညာသည်။

၁၉၄၀ ပြည့်နှစ်တွင် နာဇီဂျာမနီက မေ ၁၀ရက်တွင် ကျူးကျော်ဝင်ရောက်သည်။ ဒတ်ချ်တော်ဝင်မိသားစု အင်္ဂလန်သို့ထွက်ပြေးသည်။ အစိုးရအဖွဲ့လည်း လိုက်ပါသွားသည်။ ဂျာမန်တို့က ရော့တာဒမ်မြို့ကို ဗုံးကြဲသဖြင့် နာရီအနည်းငယ်အတွင်း ထောင်ပေါင်းများစွာသော အဆောက်အအုံများ ပျက်စီးသည်။ ၁၉၄၀ ပြည့်လွန်နှစ်များ၌ ဂျာမနီ သိမ်းပိုက်မှုအောက်တွင် နိုင်ငံရေးအရ ဖိနှိပ်မှုများရှိသည်။ ၁၉၄၄-၄၅ ခုနှစ်တွင် မဟာမိတ်တပ်များက ဂျာမနီကို ချီတက်တိုက်ခိုက်စဉ် နယ်သာလန်နိုင်ငံ အထိနာသည်။ ဂျာမန်တို့ ခိုအောင်းရာနေရာများကို ဗုံးကြဲချေမှုန်းခဲ့သည်။ ထိုနှစ် မေ ၈ရက်၌ နာဇီဂျာမနီ လက်နက်ချချိန်ရောက်မှ ပြီးဆုံးသည်။

လွတ်လပ်ရေးရရှိ

၁၉၄၅ ခုနှစ်တွင် ကုလသမဂ္ဂဝင် နိုင်ငံဖြစ်လာသည်။ ၁၉၄၉ ခုနှစ်တွင် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန်တို့သိမ်းပိုက်ခဲ့သည့် ဒတ်ချ် အရှေ့အိန္ဒိယဒေသမှာ အင်ဒိုနီးရှားနိုင်ငံအဖြစ် လွတ်လပ်ရေးရရှိသည်။ ထိုနှစ်တွင် ဤနယ်သာလန်နိုင်ငံသည် ကြားနေဝါဒကို စွန့်လွှတ်ပြီး မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)သို့ဝင်သည်။ ၁၉၆၃ ခုနှစ်တွင် နယ်သာလန်နယူးဂီနီကိုလိုနီကိုလည်း အင်ဒိုနီးရှားသို့ အပ်လိုက်ရသည်။ ၁၉၇၅ ခုနှစ်တွင် ဒတ်ချ်ကိုလိုနီတစ်ခုဖြစ်သည့် ဆူရီနမ်လည်း လွတ်လပ်ရေးရသွားသည်။

၁၉၈၀ ပြည့်နှစ်တွင် ဘုရင်မဂျူလီယာနာ နန်းစွန့်သည်။ ဘီးထရစ်ဘုရင်မ ဖြစ်လာသည်။ ၁၉၄၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ ၃၂ နှစ်ကြာ နန်းစံခဲ့သူ ဂျူလီယာနာမှာ ၂၀၀၄ ခုနှစ် မတ်လတွင် အသက် ၉၄ နှစ်အရွယ်၌ ကွယ်လွန်သည်။

၁၉၉၄ခုနှစ်တွင် လေဘာပါတီခေါင်းဆောင်ဝင်းကော့သည် သုံးပါတီညွန့်ပေါင်း အစိုးရ၏ဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၉၈ခုနှစ် ဝန်ကြီးချုပ်အဖြစ် ပြန်လည်အရွေးခံရသည်။ ၂၀၀၂ခုနှစ် ဇူလိုင်လတွင် ခရစ်ယာန် ဒီမိုကရက်ခေါင်းဆောင် ဂျန်ပီတာဘောကင်နင်ဒေ ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၃ခုနှစ် ဇန်နဝါရီလ ရွေးကောက်ပွဲတွင် ခရစ်ယာန်ဒီမိုကရက်များ ကပ်နိုင်သည်။ ၂၀၀၃ခုနှစ် မေလတွင် ဒုတိယအကြိမ် ဝန်ကြီးချုပ်ဖြစ်လာသည်။

ကျမ်းသစ္စာကျိန်ဆို

အီးယူဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်သစ်ပြည်သူ့ဆန္ဒခံယူပွဲက ပယ်ချပြီး ရက်ပိုင်းအတွင်း ၂၀၀၅ခုနှစ် ဇွန်လတွင် ဒတ်ချ်မဲဆန္ဒရှင်ပြည်သူများကလည်း အီးယူဖွဲ့စည်းပုံ အခြေခံဥပဒေကို လက်မခံဘဲ ပယ်ချလိုက်ပြန်သည်။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလတွင် အာဖဂန်နစ္စတန်တောင်ပိုင်းရှိ နေတိုးဦးဆောင်သည့်တပ်များနှင့်ပေါင်းရန် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၄၀၀နောက်ထပ်ပို့ပေးရန် ပါလီမန်က သဘောတူလိုက်သည်။ ထိုနှစ် နိုဝင်ဘာလတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များက အီရတ်ရှိ အကျဉ်းသားများအား ၂၀၀၃ခုနှစ်အတွင်းက ညှဉ်းပန်းနှိပ်စက်သည်ဆိုမှုကို စုံစမ်းစစ်ဆေးရန် နယ်သာလန်နိုင်ငံအစိုးရက အမိန့်ထုတ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလတွင် သုံးပါတီညွန့်ပေါင်းအစိုးရ၏ ဝန်ကြီးချုပ်အဖြစ် ဂျန်ပီတာဘောကင်နင်ဒေ ကျမ်းသစ္စာကျိန်ဆို ရာထူးလက်ခံခဲ့သည်။ ။

ကိုးကား-အင်တာနက်

တိုး ရေးသားသည်

ကမ္ဘာ့အထင်ကရ ရေကြောင်းကုန်သွယ်ရေး နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ၁၆ရာစုက အခြေခံများစတင်ချမှတ်ခဲ့စဉ် ဤနိုင်ငံမှာ သမ္မတနိုင်ငံတစ်နိုင်ငံအဖြစ် စတင်လွတ်လပ်ရေးရခဲ့၊ ယခုမူ ဤနိုင်ငံ၌ စည်းမျဉ်းခံဘုရင်စနစ်ကို ကျင့်သုံးလျက်ရှိ။



လေ့လာတွေ့ရှိချက်များလက်တွေ့လုပ်ငန်း၌ ပေါင်းစပ်အကောင်အထည်ဖော် ခြိုးခြံချွေတာရေး စနစ်တကျထိရောက်စွာအသုံးပြု

နေပြည်တော် ဒီဇင်ဘာ ၃၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဌာနတွင်း Technical Seminar ကို ဒီဇင်ဘာ၃၀ရက် နံနက်ပိုင်းက အမှတ်(၂)စက်မှုဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ဟောပြောဆွေးနွေး

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးစံလင်းက Promotion on Energy Effciency and Conservation for Industries စာတမ်းကိုလည်းကောင်း၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မီမီဝင်းညီက Cost Management & Low-cost approach to Management စာတမ်းကိုလည်းကောင်း၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်အောင်က Financial Management စာတမ်းကိုလည်းကောင်း၊ ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဦးက Post Harvest Technology for Small & Medium Enterprises စာတမ်းကိုလည်းကောင်း အသီးသီးဟောပြောဆွေးနွေးကြသည်။

ပေါင်းစပ်အကောင်အထည်ဖော်

ထို့နောက် ဝန်ကြီးက လေ့လာတွေ့ရှိမှုများကို လက်တွေ့လုပ်ငန်းခွင်၌ ပေါင်းစပ်ကာ အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် Energy ခြိုးခြံချွေတာရေး၊ စနစ်တကျထိရောက်စွာအသုံးပြုရေး၊ Cost Management ကော်မတီဖွဲ့စည်းပြီး ထုတ်ကုန်အလိုက် စီမံကြပ်မတ်ရေး ဆောင်ရွက်ကြရန်မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်မရော၌ ပန်းအလှပင်များစိုက်ပျိုး

ကျိုက်မရော ဒီဇင်ဘာ ၃၀

ကျိုက်မရောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြို့အဝင်လမ်းတစ်လျှောက် လမ်းဘေး ဝဲယာ ပန်းအလှပင်များ ပြုစုစိုက်ပျိုးနေမှုကို အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနေစိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၆/၂၀၀၈)ကို ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် လူ့အခွင့်အရေးအဖွဲ့ အတွင်းရေးမှူးက အာဆီယံလူ့အခွင့်အရေးအဖွဲ့၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့် ရေးဆွဲနေမှုအခြေအနေများကို အသေးစိတ်တင်ပြပြီး အဖွဲ့ဝင်များက ဆွေးနွေးညှိနှိုင်းကြကာ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ချင်းပြည်နယ် ဟားခါးနှင့် ရှမ်းပြည်နယ် လွိုင်လင်မြို့၌အအေးပို

ရန်ကုန် ဒီဇင်ဘာ ၃၀

ဒီဇင်ဘာ ၃၀ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ပျမ်းမျှအပူချိန်

ညအပူချိန်များမှာ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့အောက် ၆ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် (-၂)ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် (-၁)ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၂ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

တိမ်အသင့်အတင့်

ဒီဇင်ဘာ၃၁ရက် (**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ဒေသများ၌ အများအားဖြင့် သာယာမည်ဖြစ်သည်။

ဒီဇင်ဘာ၃၁ရက်(**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့အနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

မြန်မာ့ရုပ်မြင်သံကြား

၃၁-၁၂-၂၀၀၈ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၇း၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀	၆။ အတီးပြိုင်ပွဲ
၈း၁၅	၇။ တေးဂီတအစီအစဉ်
၈း၃၀	၈။ International News
၈း၄၅	၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

ညပိုင်း

၂း၅၀	၁။ **၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပွဲ) (မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း)**
၄း၄၅	၂။ သီချင်းကြီးပဒေသာ
၄း၅၅	၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅း၁၀	၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀	၅။ တေးဂီတအစီအစဉ်
၅း၃၅	၆။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၄၅	၇။ (၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၆း၀၀	၈။ ညနေခင်းသတင်း
၆း၃၀	၉။ မိုးလေဝသအခြေအနေ
၆း၃၅	၁၀။ မြန်မာ့ရိုးရာလက်ဗေ့
၆း၅၀	၁၁။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇း၂၀	၁၂။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၈း၀၀	၁၃။ ပြည်တွင်းသတင်း
	၁၄။ နိုင်ငံတကာသတင်းများ
	၁၅။ မိုးလေဝသအခြေအနေ
	၁၆။ မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
	၁၇။ အချုပ်အခြာအာဏာ ခွန့်ရှည်ကြာ ခိုင်မာစေမှုဒို့ရေးရှု **နှစ်ဆယ့်လေးဒေသတစ်ခွင် အလှဆင် ရောင်စုံပွင့်လန်း အလှပန်း** (အပိုင်း-၁)
	၁၈။ မြန်မာရုပ်ရှင် **တိုက်ပွဲခေါ်သံ** သီဟတင်စိုး၊ ညွန့်ဝင်း၊ မင်းဦး၊ ဇော်လင်း၊ ဇင်မာဦး (ဒါရိုက်တာ-မောင်တင်ဦး)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်စဉ် (၁၁၆) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဒီဇင်ဘာ ၃၀

ပြန်ကြားရေး ဝန်ကြီးဌာနက ကြီးကြပ်စီစဉ် ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၁၆) ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

မြင်းမူမောင်နိုင်မိုး၊ ဇော်မျိုးဟန်(ငါးသိုင်းချောင်း)၊ ဘော်ဘော်(သလ္လာ)၊ သူရဇော်၊ ကျော်ဇေယျာလှိုင်၊ သန်းဝင်းထွန်း(ဆွာ)၊ညောင်ရွှေခင်မောင်မြ၊ မောင်နီမြင့်(ပင်လယ်)၊ ချမ်းမြဆောင်း(ကလော)၊ မောင်သျှင်နှောင်း၊ တက်လူ၊ ကြူကြူသင်းတို့၏ အဖွင့်ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ သာနိုင်အောင်(ကျိုက်မရော)၊ သက်ဦးနိုင်(မြဝတီ)၊ မောင်စိုးထိုက်(သုံးဆယ်)၊ သန်းဝင်းရှိန်၊ ဆရာမမ္မပါလ၊ ဦးကျော်စိန်(မန္တလေး)၊ သာရဝေါစိုးကြည်၊ မောင်နေမျိုး၊ တက္ကသိုလ်စိုးယဉ်၊ လှိုင်းဝင်းဆွေ၊ စစ်ကိုင်းစိမ်းစိမ်း၊ နေဝင်းသန်း(ရွှေဘို)၊ မောင်ကျေးဖူး၊ ခင်နှစ်ခင်၊ ပန်းတနော်စောလွင်၊ တက္ကသိုလ်ဝင်းမြင့်၊ မြန်မာ့အသံသိန်းဟန်၊ မောင်မြင့်ကြွယ်၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မောင်သာမန်(ဇီးကုန်း)၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ကိုအေး(လှိုင်သာယာ)၊ စေတနာလှိုင်(ရေစကြို)တို့၏ ဆောင်းပါးများ၊ ဇော်ဝင်း(လှတော)၊ ဘာမထီခင်အောင်၊ နန္ဒာခင်(သက္ကလ)၊ နီမင်းညို၊ မြတ်ဘုန်း(တပ်ကုန်း)၊ ကျော်လွင်(စက်မှု)၊ နွေ၊ တက္ကသိုလ်တင်လက်ျာတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ကာတွန်း၊ ကျေးလက်ဟာသ၊ တောဝလေ့စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ မှတ်သားစရာ သတ်ပုံကဗျာ၊ ကဗျာပန်းပုံရိပ်တို့ဖြင့် သုတ၊ ရသ၊ စုံလင်စွာ တင်ဆက်ထားသည်။

ဝယ်ယူရရှိနိုင်

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အထက(၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

အထက(၂)မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်းကျောင်း)တွင် ၁၉၇၂ ခုနှစ်မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများက အသက်(၆၀)ပြည့် တာဝန်ထမ်းဆောင်ပြီးသော ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် တာဝန်ထမ်းဆောင်ဆဲ ဆရာ ဆရာမများအား ဂါရဝပြုပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) နံနက် ၉နာရီတွင် အထက(၂) မင်္ဂလာဒုံ(လှသောင်းခန်းမ)၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဟောပြောပွဲ

ရန်ကုန် ဒီဇင်ဘာ ၃၀

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (MHA) က ကြီးမှူး၍ Silver View Resort (Ngwe Saung Beach) ၏ ပံ့ပိုးကူညီမှုဖြင့် ၂၀၀၉ခုနှစ် ဇန်နဝါရီလ ၁ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ယုဇနဟိုတယ် (ရွှေဂုံတိုင်)၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပင်လယ်ပြာ စီးပွားရေး မဟာဗျူဟာ (Blue Ocean Strategy)ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး ဟောပြောပွဲများကို လစဉ် ပထမပတ် ကြာသပတေးနေ့တိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ်နှင့်

မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုပြုလုပ်ခြင်းများဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းစာတိုက်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ ဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်မှုပြုလုပ်ခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ရဲဗလမျိုးဝင်းနှင့် တာဝန်ရှိသူများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးတင်စိန်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ မြန်မာ့အလင်းပုံနှိပ်တိုက်တို့မှ မန်နေဂျာများ၊ လက်ထောက်မန်နေဂျာများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးက မီးဘေးကြိုတင်ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

လက်တွေ့ပြုလုပ်

ထို့နောက် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်မှုများကို ဦးစီးမှူး ရဲဗလမျိုးဝင်းက လက်တွေ့သရုပ်ပြသရာ သတင်းစာတိုက်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ဝန်ထမ်းများက မီးငြိမ်းသတ်မှုများကို လက်တွေ့ပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးရွာများကို ပြန်လည်ထူထောင်တည်ဆောက်ရာ၌ လမ်း၊ မီး၊ သောက်သုံးရေ ဖူလုံပြည့်စုံအောင်စီမံ

✳ *ရှေ့ဖုံးမှ*

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ လူနေအိမ်များ၊ အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်း၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်

ကျောက်ကလပ်ကျေးရွာနေ ပြည်သူများက ဝမ်းပန်းတသာ လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

တည်ဆောက်ပြီးစီးမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များအား ဟိုင်းကြီးကျွန်း အစည်းအဝေးခန်းမ၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ဟိုင်းကြီးကျွန်းမြို့ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

ယင်းသို့ရှင်းလင်းတင်ပြရာ၌ ဟိုင်းကြီးကျွန်းမြို့ဆိုင်ရာ အချက်အလက်များ၊ လေဘေးဒဏ်သင့်ဆေးရုံ၊ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းများနှင့် သာသနိက အဆောက်အအုံများကို ရွှေသံလွင်၊ အာရုံဦး၊ FMI၊ မိုးကြယ်စင်၊ သီဏ်း၊ AMC နှင့် တက်လမ်းကုမ္ပဏီတို့က ပူးပေါင်းပါဝင် ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ကယ်ဆယ်ရေးပစ္စည်းများ ရရှိဖြန့်ဖြူးပြီးစီးမှု၊ မြို့တွင်း လမ်းများ၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတားများ၊ ရေဆင်းတံတားများ ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ခဲ့မှု၊ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရန် မိုးစပါး၊ ထွန်စက်၊ ကျွဲ၊ နွားဖြန့်ဖြူးပေးနိုင်မှု၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ ရေလုပ်ငန်း ပြန်လည်ထူထောင်နိုင်ရန် ငါးဖမ်းလှေနှင့် ငါးဖမ်းကိရိယာများဖြန့်ဝေပြီးစီးမှု၊ ငါး၊ ပုစွန်၊ ကဏန်းများ ပုံမှန်ပြန်လည်တင်ပို့နိုင်မှု၊ ဆားလုပ်ငန်းရှင်များအတွက် ရေစုပ်စက်၊ လက်တွန်းထွန်စက်များနှင့် စက်သုံးဆီ ဖြန့်ဖြူးပေးနိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက လိုအပ်သည်များကို ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ဖိဖိစီးစီးလုပ်ကိုင်

ထို့နောက် နိုင်ငံတော်အကြီးအကဲက ရှင်းလင်းတင်ပြချက်အပေါ် လမ်းညွှန်မှာကြားရာ၌ ဟိုင်းကြီးကျွန်းမြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်လာအောင်၊ သာယာလှပလာအောင် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများကို မူလအနေအထားအတိုင်း အပြည့်အဝထူထောင်ရေး၊ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးတို့ကို ဖိဖိစီးစီးလုပ်ကိုင် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဟိုင်းကြီးကျွန်း ပတ်ဝန်းကျင် ဒေသ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို အစည်းအဝေးခန်းမရှေ့ရပ်မှ ကြည့်ရှုသည်။

ကျောက်ကလပ်ကျေးရွာ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးကျွန်းမှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်း လမ်းဖောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းဝ၊ ပြင်ခရိုင်၊ ထိပ်စွန်း၊ ဘုန်းတော်ပြည့်ကျေးရွာများကိုလည်းကောင်း ကြည့်ရှုပြီး ကျောက်ကလပ်ကျေးရွာသို့ မွန်းလွဲ၁၂နာရီခွဲတွင် ရောက်ရှိကြသည်။

ရှေးဦးစွာ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား ငပုတောမြို့နယ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်နေသည့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များက ကြိုဆိုကြသည်။

လှိုက်လှဲစွာကြိုဆို

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာ၊ ဘုန်းစိုးကြီးကျေးရွာ၊ ကုန်းသာယာကျေးရွာများ ပြန်လည်ထူထောင်၍ လူနေအိမ်ရာများ၊ စာသင်ကျောင်းနှင့် ဆေးပေးခန်းများ၊ ရုံးများတည်ဆောက်ပြီးစီးမှု၊ ရွာအဝင်လမ်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို လှည့်လည်

စာမျက်နှာ ၇ ကော်လံ ၁

တောင်ကလေးကျေးရွာ၌ လူနေအိမ်များ အကွက်ချတည်ဆောက်ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၏ ဦးစီး ဦးဆောင်မှုနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စေတနာ အလှူရှင်များ တက်ညီလက်ညီ ပူးပေါင်း၍ ပြန်လည် ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသဖြင့် ယခင် အခြေအနေများနှင့် မတူတော့ဘဲ သိသာမြင်သာ တိုးတက်လာလျက်ရှိ။

31-12 (06).pmd 1 12/31/2008, 2:37 AM

ကုန်းသာယာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းနှင့် ကျောင်းသားများအား တွေ့ရစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

ကြည့်ရှုစစ်ဆေးရာ ကျေးရွာနေပြည်သူများက ဝမ်းပန်းတသာလှိုက်လှဲစွာ ကြိုဆိုကြသည်။

ယင်းနောက် ကျောက်ကလပ်ကျေးရွာ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ငပုတောမြို့နယ်အတွင်း ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းတင်ပြရာ၌ အာရှဦး၊ FMI ၊ တက်လမ်း၊ မြင့်မြတ်အလင်း၊ မေတ္တာဖောင်ဒေးရှင်းတို့၏ ကျေးလက်လူနေအိမ်ရာများ တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆေးရုံ၊ ဆေးခန်းနှင့် စာသင်ကျောင်းများ ပြန်လည်ထူထောင်တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ငပုတောမြို့နယ် တိုက်နယ်အလိုက် မိုးစပါးစိုက်ပျိုးနိုင်ခဲ့မှု၊ မျိုးစပါးနှင့် လက်တွန်းထွန်စက်များ၊ ကျွဲနွားများအချိန်မီထောက်ပံ့နိုင်မှု၊ နွေစပါးကို လျာထားချက် ပြည့်မီအောင် စိုက်ပျိုးရန် စီမံဆောင်ရွက်ထားမှု၊ ငါးဖမ်းလှေ၊ ငါးဖမ်းပိုက်များ ဖြန့်ဝေပေးနိုင်မှု၊ ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သော ရွှေသံလွင်၊ တက်လမ်း၊ သိဏ်း၊ အာရှဦး၊ AMC ၊ မိုးကြယ်စင်တို့က စာသင်ကျောင်း၊ ဆေးပေးခန်းနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ထူထောင်တည်ဆောက်ပေးခဲ့မှု၊ နှစ်ထပ်စာသင်ကျောင်းများ ဆောက်လုပ်နေမှု၊ ဆားလုပ်ငန်းများ အပြည့်အဝလည်ပတ်ရန်အတွက် ချေးငွေထုတ်ချေးပြီးစီးမှုနှင့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပြီးစီးမှု၊ ကျေးရွာများ၌ မော်တော်ဆိုင်ကယ်၊ လိုင်းကား၊ လိုင်းရေယာဉ်၊ ဈေးဆိုင်၊ ဗီဒီယိုရုံများ တိုးပွားစည်ကားလာမှုနှင့် ဆိုင်ကလုန်း အကာအကွယ်အဆောက်အအုံများ တည်ဆောက်ရန် စီမံထားမှု၊ လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်း ဖောက်လုပ်ပြီးစီးမှု၊ အိမ်ထောင်စုအလိုက် မီးဖိုချောင်သုံးသီးနှံစိုက်ခင်းများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ကြိုးစားစီမံ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက ထိပ်စွန်း၊ ကျောက်ကလပ်၊ ကုန်းသာယာကျေးရွာများကို ပြန်လည်ထူထောင်တည်ဆောက်ရာ၌ လမ်း၊ မီး၊ သောက်သုံးရေ ဖူလုံပြည့်စုံအောင် စီမံသွားကြရန်ဖြစ်ကြောင်း၊ ဤဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လပွတ္တာ-သုံးခွ-အုတ်တွင်း-ထိပ်စွန်းလမ်းသည် အဓိကအရေးပါလျက်ရှိသဖြင့် မြန်မြန် ဖောက်လုပ်ပြီးစီးအောင်ကြိုးပမ်းသွားရန်လိုကြောင်း၊ ဒေသတွင်း ရရှိနိုင်သော ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်စသည့် စွမ်းအင်အရင်းအမြစ်များကို အသုံးချ၍ ကျေးရွာအလိုက် မီးရအောင် ကြိုးစားစီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း။

ဤဒေသအတွင်းသို့ လေမုန်တိုင်းပြင်းထန်စွာ ဝင်ရောက်သွားခဲ့ရာ ကျေးရွာအချို့ လုံးဝပျက်သုဉ်းပြီး ထိခိုက်သေဆုံးမှု များပြားခဲ့ကြောင်း၊ သို့ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးစီးဦးဆောင်မှုနှင့်အတူ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ စေတနာ အလှူရှင်များ တက်ညီလက်ညီပူးပေါင်း၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသဖြင့် ယခင်အခြေအနေများနှင့်မတူတော့ဘဲ သိသာမြင်သာ တိုးတက်လာလျက်ရှိကြောင်း။

အခြေအနေကောင်း

မိမိတို့ စေတနာနှင့်ယှဉ်ပြီး လုပ်ကိုင်ဆောင်ရွက်ပေးမှုများကြောင့် ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည့် အခြေအနေကောင်းများကို ကာယကံရှင် ဒေသခံပြည်သူများကိုယ်တိုင် ခံစားနေသည်ကို လာရောက်လေ့လာကြသူများလည်း လက်တွေ့ကျကျ တွေ့မြင်နေရပြီ ဖြစ်ကြောင်း။

မိမိတို့ကလည်း ယခုကဲ့သို့ ထင်သာမြင်သာသည့် မြင်ကွင်းကိုသာမက ဒေသခံပြည်သူများ ဝင်ငွေတိုးပွားလာအောင်၊ ကျေးရွာများ၌ စာပေပညာအပြင် စက်မှုလက်မှုအခြေခံပညာ တတ်မြောက်ကျွမ်းကျင်သူများ ပေါ်ထွက်လာအောင်၊ ကျေးရွာအလိုက် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာအောင်၊ ကျန်းမာအသက်ရှည်စွာ နေထိုင်တတ်အောင်၊ ဖြစ်သလိုနေထိုင်သည့်အဆင့်မှ တင့်တောင့်တင့်တယ် နေထိုင်လာနိုင်အောင် ဆက်လက်ကူညီစောင့်ရှောက် ဖော်ဆောင်သွားကြရန် အရေးကြီးကြောင်း။

ပညာပေးလေ့ကျင့်

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ် နောင်၌ကြုံတွေ့ရပါကလည်း အကာအကွယ်ခိုလှုံရာနေရာများ ရှိနေရအောင် တည်ဆောက်ဖန်တီးပေးရမှာဖြစ်သကဲ့သို့ လိုက်နာသင့်သော ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း ဒေသခံများအား ပညာပေးလေ့ကျင့်ထားရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ရှင်းလင်းဆောင်ရှုရပ်မှ ပင်လယ်ကမ်းခြေတစ်ဝိုက် ကြည့်ရှုပြီး ကျောက်ကလပ်ကျေးရွာမှ ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁

❒ ဒေသခံ ပြည်သူများ ဝင်ငွေတိုးပွားလာအောင်၊ ကျေးရွာများ၌ စာပေပညာအပြင် စက်မှုလက်မှုအခြေခံပညာ တတ်မြောက်ကျွမ်းကျင်သူများ ပေါ်ထွက်လာအောင်၊ ကျေးရွာအလိုက် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးလာအောင်၊ ကျန်းမာအသက်ရှည်စွာ နေထိုင်တတ်အောင်၊ ဖြစ်သလို နေထိုင်သည့်အဆင့်မှ တင့်တောင့်တင့်တယ် နေထိုင်လာနိုင်အောင် ဆက်လက်ကူညီစောင့်ရှောက် ဖော်ဆောင်သွားကြရန် အရေးကြီး။

❒ ယခုကဲ့သို့ သဘာဝ ဘေးအန္တရာယ် နောင်၌ ကြုံတွေ့ရပါကလည်း အကာအကွယ် ခိုလှုံရာနေရာများ ရှိနေရအောင် တည်ဆောက် ဖန်တီးပေးရမှာ ဖြစ်သကဲ့သို့ လိုက်နာသင့်သော ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း ဒေသခံများအား ပညာပေး လေ့ကျင့်ထားရန် လိုအပ်။

ပြင်စလူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြင်စလူမြို့၌ လူနေအိမ်များ အကွက်ချတည်ဆောက်ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွင်း ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၇ရက်က အသစ်ထပ်မံဖွင့်လှစ်လိုက်သည့် အထူးကုသမှုဌာနများကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

၂၀၀၈ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်း

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ (ခုတင်-၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု

တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)

တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တိုင်းရင်းဆေးပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ကို ဤသို့ဖွင့်လှစ်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

စဉ်	အမည်	တည်နေရာဒေသ	ဖွင့်လှစ်သည့်နေ့
၁	အင်္ဂပူမြို့နယ်ပြည်သူ့ဆေးရုံနှင့် နှစ်ထပ်အဆောက်အအုံသစ်	ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်	၁၄-၁-၂၀၀၈
၂	မင်းဘူးမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး တိုးချဲ့နှစ်ထပ်ဆောင်	မကွေးတိုင်း၊ မင်းဘူးမြို့	၁၀-၂-၂၀၀၈
၃	ဇီးကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ	နေပြည်တော်ပျဉ်းမနား	၉-၃-၂၀၀၈
၄	ဟုမ္မလင်း ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ	စစ်ကိုင်းတိုင်း၊ ဟုမ္မလင်းမြို့	၁၁-၃-၂၀၀၈
၅	ပေါင်းလောင်းတိုက်နယ်ဆေးရုံသစ်	နေပြည်တော်ပျဉ်းမနား	၁၈-၉-၂၀၀၈
၆	ကျိုက်နီချောင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်	ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်	၂၀-၉-၂၀၀၈
၇	နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကုသမှုဌာန	နေပြည်တော်	၂၇-၉-၂၀၀၈
၈	သူရဲသမိန်တိုက်နယ်ဆေးရုံ ကလေးကုသဆောင်သစ်	ပဲခူးတိုင်း၊ ဝေါမြို့	၄-၁၀-၂၀၀၈

(ခုတင်-၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ (မကွေး)

ဆေးပညာသင်ကြားရေး သာမက ကုသရေးအတွက်ပါ အထောက်အကူ ပြုနေသော (ခုတင်-၂၀၀)ဆံ့သင်ကြားရေးဆေးရုံ(မကွေး) အဆောက်အအုံ။

(ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

မောင်တို့ ကြားကြကုန်လော့၊ မယ်တို့ ကြားကြကုန်လော့

လှိုင်အောင်

လွတ်လပ်ရေးနှင့် အချုပ်အခြာ မျိုးချစ် 'အား' နှင့် ကာကွယ်ပါ

"လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏အရသာကို ကောင်းစွာ သိမြင် နားလည်သော ယနေ့ လူငယ်လူရွယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သော အင်အားဖြင့် ဆက်လက်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။"

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာမှ-

"ယနေ့လူငယ်၊ နောင်ဝယ် လူကြီး"ဆိုတဲ့အတိုင်း နောင်လူလားမြောက်လာတဲ့အခါမှာ တိုင်းပြည်တာဝန်ကို ပခုံးပြောင်းလွှဲယူထမ်းဆောင်ကြရမယ့် မောင်တို့မယ်တို့ကို မှာကြားခဲ့တဲ့ နိုင်ငံတော်အကြီးအကဲရဲ့ မိဘသဖွယ် အမှာစကားကို ဖတ်ရှုမိတဲ့အခါတိုင်း **"လွတ်လပ်ရေးရဲ့ တန်ဖိုးနဲ့ လွတ်လပ်ရေးရဲ့အရသာ"**ဆိုတာကို ဒီနေ့ခေတ်လူငယ်တွေ သေသေချာချာ သိမြင် နားလည်အောင် ထပ်ပြီး ပြောပြ ရှင်းပြချင်လာမိပါတယ်။

ပထမဆုံး **"လွတ်လပ်ရေးရဲ့တန်ဖိုး"**ဆိုတာကို ရှင်းပြချင်ပါတယ်။ အခုဆိုရင် ကမ္ဘာပေါ်မှာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံပေါင်း ၁၉၂ နိုင်ငံရှိနေပြီဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာလောက်ကဆိုရင် ဒီနိုင်ငံတွေရဲ့ သုံးပုံနှစ်ပုံလောက်ဟာ ကိုလိုနီနယ်ချဲ့ အင်ပါယာကြီး တစ်ခုမဟုတ်တစ်ခု လက်အောက်မှာ ကျွန်နိုင်ငံ၊ ကျွန်လူမျိုးဘဝနဲ့ ရှိနေခဲ့ကြတာပါ။

နှစ်ပေါင်းထောင်နဲ့ချီပြီး **"ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်း"**နဲ့ အစဉ်အဆက်နေလာခဲ့ကြတဲ့ နိုင်ငံအများစုဟာ **"ပင်လယ်ကိုစိုးမိုးနိုင်တဲ့သူဟာ ကမ္ဘာကိုစိုးမိုးနိုင်တယ်"**ဆိုတဲ့ အတွေးအခေါ်နဲ့ ပင်လယ်ဓားပြအကြီးစားတွေကနေ နယ်ချဲ့ဖြစ်လာတဲ့ အဓမ္မဝါဒီတွေရဲ့ ခြေဖနောင့်အောက်မှာ ပြားပြားဝပ် ရောက်ရှိသွားခဲ့ကြပါတယ်။

ဒီနိုင်ငံတွေထဲမှာ တကောင်းအဘိရာဇာ လက်ထက်ကစပြီး ရွှေထီးရွှေနန်း မညှိုးနွမ်းခဲ့တဲ့ မြန်မာပြည်လည်း ပါခဲ့ရပါတယ်။ မြန်မာသက္ကရာဇ် ၁၂၄၇ခုနှစ်၊ ခရစ်နှစ် ၁၈၈၅ခုနှစ်မှာ မြန်မာတို့ရဲ့ဦးသျှောင်ဖြစ်တဲ့ သီပေါမင်းပါတော်မူခဲ့ရတဲ့ အဖြစ်တွေဟာ နှစ်ပေါင်းများစွာ မြန်မာတွေရဲ့ ရင်ထဲမှာ ကြိတ်မနိုင်ခဲမရ ရှိခဲ့ကြပါတယ်။**"သက်ကြီးစကား၊ သက်ငယ်ကြား"** ဆိုသလို ညချမ်းအခါလသာသာမှာ ရွာလယ်က ကွပ်ပျစ်ကြီးပေါ်မှာ အခါးရည်တစ်အိုးနဲ့ စကားဝိုင်းဖွဲ့ရင်း **"ကိုယ့်မြန်မာမင်းတစ်ပါးဟာ တိုင်းတစ်ပါးသားတွေရဲ့ နှိမ့်ချပက်စက်မှုတွေကို အားမတန်လို့ မာန်ချခဲ့ရပြီး ဆင်၊ မြင်း၊ ရထား၊ ဗိုလ်ပါရဲမက်များနဲ့ သွားနိုင်ပါလျက် နွားလှည်းနဲ့ ဂေါဝိန်ဆိပ်ကို အပို့ခံခဲ့ရပုံ၊ တစ်တောင်သာသာ အကျယ်ရှိတဲ့ ကချော်ကချွတ်ကုန်းပေါင်ပြား အခင်းပေါ်ကနေ သင်္ဘောပေါ်တက်ခဲ့ရပုံ"**တွေလို ရင်နာစရာ မြင်ကွင်းတွေကို လက်ဆင့်ကမ်းပုံပြင်တွေအဖြစ်နဲ့ ချန်ထားရစ်ခဲ့ကြပါတယ်။

ဒီနေ့ခေတ်မှာတော့ နည်းပညာတွေကလည်း တိုးတက်၊ လူမှုဘဝတွေကလည်း ပိုပြီး ရှုပ်ထွေးလာတာမို့ မိဘတွေကလည်း သားသမီးတွေနဲ့ အေးအေးဆေးဆေး ပြောချိန်ဆိုချိန်က မရ၊ ရုပ်မြင်သံကြားဇာတ်လမ်းတွေ၊ ဗီဒီယိုအင်တာနက်ဂိမ်းတွေ၊ ချက်တင်တွေ၊ ကာရာအိုကေတွေ စတဲ့ အာရုံများစရာ ခေတ်သစ်ဖျော်ဖြေမှုတွေကလည်း အနန္တဆိုတော့ သက်ကြီးစကား သက်ငယ်ကြားပြီး မှတ်သားနိုင်ဖို့ဆိုတာလည်း မလွယ်တော့သလို ပျင်းစရာကောင်းတဲ့ စာအုပ်တွေအစား စိတ်လှုပ်ရှားဖို့ကောင်းပြီး အရုပ်အသံပါမြင်ကြားရတဲ့ မီဒီယာတွေက လွှမ်းမိုးလာပါတယ်။ လူငယ်တွေအကြားမှာ စာဖတ်နည်းလာတာဟာ ခေတ်ရေစီးကြောင်းလို့ ပြောကြပေမယ့် ဒီလိုပုံနဲ့ အချိန်ကြာလာတာနဲ့အမျှ မျိုးရိုးဇာတိ၊ ရာဇဝင်သမိုင်းကြောင်းကို အခြေခံတဲ့ အမျိုးသားရေးစိတ်ဓာတ်နဲ့ ဇာတိမာန်တွေ လျော့ပါးပျောက်ကွယ်သွားမှာ၊ မြန်မာ့အကြောင်းကိုတောင်မှ မြန်မာလူငယ်တွေ မသိကြတော့မှာ စိုးရိမ်စရာ ဖြစ်လာရပါတယ်။

ဒါကြောင့် မသိသေးတဲ့ သူတွေလည်း သိကြစေဖို့ သိပြီးတဲ့သူတွေလည်း အခုလို လွတ်လပ်ရေးနေ့နီးကပ်လာတဲ့ အခါသမယမျိုးမှာ ပြန်ပြီး သတိရကြစေဖို့ မြန်မာ့လွတ်လပ်ရေးရဲ့တန်ဖိုးကို ပြောပြချင်တာ ဖြစ်ပါတယ်။

တကယ်တော့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးဟာ နိုင်ငံတကာနဲ့ယှဉ်ရင် ပေးဆပ်ခဲ့ရတဲ့တန်ဖိုး ကြီးမားလှပါတယ်။ ကမ္ဘာမှာ ကိုလိုနီနယ်ချဲ့စနစ်ကြောင့် ကျွန်ဖြစ်သွားခဲ့ကြရတဲ့ နိုင်ငံတွေအနက် တချို့က ဝင်ရောက်သိမ်းပိုက်လာတဲ့ နယ်ချဲ့တွေကို လွယ်လွယ်ကူကူနဲ့ပဲ အရှုံးပေးပြီး ကျွန်ဘဝကို ခေါင်းလျှိုဝင်သွားကြတာပါ။ တချို့ကတော့ တိုင်းတစ်ပါးသားတွေ အလုံးအရင်းနဲ့ ဝင်လာလို့ ဒေသခံတွေ ဘေးဖယ်ပေးခဲ့ရရာကနေ နောက်ဆုံးတော့ တိုင်းတစ်ပါးသားတွေ တည်လိုက်တဲ့ တိုင်းပြည်သစ်မှာ အနှိမ်ခံလူနည်းစု ဖြစ်သွားခဲ့ရတာလည်း ရှိပါတယ်။

တချို့ကျတော့လည်း တိုင်းပြည်ကြီးက ကြီးလွန်းတာမို့ နယ်ချဲ့ပေါင်းစုံက ဘယ်သူမှ တစ်နိုင်ငံတည်း လက်ဝါးကြီးမအုပ်စတမ်းလို့ သဘောတူညီချက်ယူပြီး ကုန်သွယ်ရောင်းဝယ်ဖို့ကောင်းတဲ့ ကမ်းခြေက မြို့ကြီးတွေ၊ ပင်လယ်ဝမှာရှိတဲ့ ကျွန်းငယ်ကလေးတွေကို ဦးရာလူက မောင်ပိုင်စီးတာခံရပြီး စီးပွားရေးအရ ဘုံကျွန်ဖြစ်သွားရတာလည်း ရှိပါတယ်။ နယ်ချဲ့ နှစ်ယောက်အကြားမှာ ကြားခံနယ်မြေအဖြစ်နဲ့ အထားခံရလို့ ထီးကျိုးစည်ပေါက်ရာဇပလ္လင်မပျောက်ခဲ့ပေမယ့် လင်နှစ်ယောက် တစ်ပြိုင်တည်းယူမိတဲ့ မယားလို ဖြစ်သွားရတဲ့ နိုင်ငံမျိုးလည်း ရှိပါတယ်။

မြန်မာဆိုတဲ့ အမျိုးသားတွေကတော့ သူ့ကျွန်ဘဝကို လွယ်လွယ်နဲ့တော့ အရောက်ခံခဲ့တာမဟုတ်ပါဘူး။ ၁၈၂၄၊ ၁၈၅၂ နဲ့ ၁၈၈၅ခုနှစ် စစ်ပွဲကြီးသုံးပွဲနဲ့ နှစ်ပေါင်း ၆၀လောက် ကြာအောင် နယ်ချဲ့တွေ အဆင့်ဆင့် မနည်းတိုက်ယူခဲ့ရတာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ကျွန်ဘဝရောက်ပြီးခဲ့တာတောင်မှ တစ်မျိုးသားလုံးက အေးအေးဆေးဆေး ခေါင်းငုံ့ခံနေခဲ့ကြတာ မဟုတ်ပါဘူး။ ပြောက်ကျားစနစ်နဲ့ ရရာလက်နက်စွဲကိုင်ပြီး ဆယ်စုနှစ်များစွာ ခုခံတော်လှန်နေခဲ့ကြတာဖြစ်ပါတယ်။ အင်အားမမျှလို့ လက်နက်ကိုင် ခုခံတွန်းလှန်မှုတွေ အရှိန်သေသွားရပေမယ့် လက်ရုံးရည်နဲ့မရတော့ရင် နှလုံးရည်နဲ့ တိုက်ပွဲစခဲ့ပြန်တာပါပဲ။

ဘယ်တော့မှ နေမဝင်ဘူးဆိုတဲ့ ဗြိတိသျှတို့ရဲ့ နယ်ချဲ့ အင်ပါယာကြီးထဲမှာ ဗြိတိသျှသခင်ကြီးတွေအနေနဲ့ အဲဒီလို စဉ်ဆက်မပြတ် ပြင်းပြင်းထန်ထန် ဆန့်ကျင်ခြင်းခံရတဲ့နေရာ အတော်ရှားပါတယ်။

ဒုတိယကမ္ဘာစစ်ရဲ့အရိပ်မည်းကြီးအောက်မှာ စစ်တလင်းဘဝ နှစ်ခါရောက်ခဲ့ရတဲ့ မြန်မာနိုင်ငံမှာ စစ်ဒဏ်ကိုအပြင်းအထန်ခံခဲ့ရတဲ့ ကြားထဲကပဲ မြန်မာမျိုးချစ်တွေဟာ လွတ်လပ်ရေးရဖို့ အသက်ပေါင်းများစွာ စွန့်လွှတ်စတေးပြီး နယ်ချဲ့တော်လှန်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးတွေ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ပြန်တွက်ကြည့်ရင် ၁၈၂၄ခုနှစ် ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲကနေ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရလုဆဲဆဲ ရက်ပိုင်းလပိုင်းအချိန်အထိ လွတ်လပ်ရေးအတွက် မြန်မာမျိုးချစ် အာဇာနည်ကြီးတွေ၊ မြန်မာပြည်သူတွေ စွန့်လွှတ်စတေးပေးဆပ်ခဲ့ကြရတဲ့ အသက်၊ သွေး၊ ချွေး၊ မျက်ရည်တွေ ဘယ်လောက်များခဲ့ပါပြီလဲ။ ဒါတွေဟာ လွတ်လပ်ရေးအတွက် ရင်းနှီးပေးဆပ်ခဲ့တဲ့ တန်ဖိုးပဲဖြစ်ပါတယ်။

ဒီလိုအသက်ပေါင်းများစွာရင်းခဲ့ရတဲ့ လွတ်လပ်ရေးနဲ့ ထိုက်တန်လောက်အောင်လည်း မြန်မာနိုင်ငံက တန်ဖိုးရှိလှပါတယ်။ မြန်မာပြည်သူပြည်သားတွေအတွက် စားစရာ၊ ဝတ်စရာ၊ နေစရာ ပူဖို့မလိုလောက်အောင်လည်း အလျှံပယ်ကြွယ်ဝတဲ့ သဘာဝတောတောင် သယံဇာတတွေ၊ မြေဆီဩဇာကောင်းမွန်လှတဲ့ မြစ်ဝကျွန်းပေါ်ဒေသတွေ ပါဝင်ဖွဲ့စည်းထားတဲ့ ကိုယ်ပိုင်မြစ်ကြီးတွေ၊ ဘေးတစ်ဖက်တစ်ချက်က ဝင်လာမယ့် အန္တရာယ်တွေကို သဘာဝတံတိုင်းကြီးသဖွယ် ကာဆီးထားတဲ့ တောင်တန်းတွေ၊ သင့်တော်ကောင်းမွန်ပြီး အကျိုးပြုတဲ့ ရာသီဥတု အနေအထားတွေ၊ အဖိုးတန်ပတ္တမြား၊ ကျောက်စိမ်း၊ ပုလဲ၊ ရေနံ၊ ကျွန်းသစ်၊ ကောက်ပဲသီးနှံ စတဲ့ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်မကျန် စုံလင်လှတဲ့ သဘာဝထွက်ကုန်တွေ၊ အရင်းအမြစ်တွေ ကြွယ်ဝလွန်းတာမို့ ဒီကနေ့ ဒီအချိန်အထိ ဘာအခက်အခဲ အကျပ်အတည်းတွေပဲ ကြုံကြုံ၊ သူများတွေလို ဆိုးဆိုးရွားရွား ရေရှည်မခံစားရဘဲ အေးအေးချမ်းချမ်း ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီလိုတန်ဖိုးကြီးကြီး ပေးဆပ်ရင်းနှီးပြီး ရယူခဲ့တဲ့ လွတ်လပ်ရေးကို ရေရှည်တည်တံ့ခိုင်မာအောင် ထိန်းသိမ်းကာကွယ်ကြိုးပမ်းရင်း ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးကလည်း မနည်းလှပါဘူး။ **"တိုင်းပြည်က နုနု၊ မုန်တိုင်းက ထန်ထန်"**လို့ တင်စားခဲ့ရလောက်အောင် လွတ်လပ်ရေးရစအချိန်က အမျိုးသားစည်းလုံးညီညွတ်မှုပျက်ပြားခဲ့ရလို့၊ ဝါဒရေး၊ လူမျိုးရေးမှိုင်းတွေကြောင့် လွတ်လပ်ရေးတိုက်ပွဲမှာ အသက်ပေး လက်တွဲခဲ့ကြတဲ့ ရဲဘော်ချင်း ကျောခိုင်းပြီး ရိုင်းစိုင်းကြမ်းတမ်း သွေးစွန်းတဲ့ နိုင်ငံရေးလမ်းကြောင်းပေါ်မှာ မြန်မာအမျိုးသားအချင်းချင်း စစ်ခင်းနေခဲ့ကြလို့ လွတ်လပ်ရေးရဲ့ အရသာကိုတောင်မှ မြည်းစမ်းကြည့်ချိန် မရခဲ့ကြပါဘူး။ တစ်ဖက်မှာလည်း နယ်စွန်နယ်ဖျားက ကျူးကျော်လာတဲ့ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ခဲ့ရတာမို့ တန်ဖိုးကြီးမားလှတဲ့ လွတ်လပ်ရေးကို တန်ဖိုးကြီးကြီးပေးပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြရတာ ဖြစ်ပါတယ်။

ဒီနေ့ခေတ်လူငယ်တွေဟာ သမိုင်းလမ်းဆုံအပြင်ဘက်ကို အာဏာစက်မရောက်တော့လို့ ရန်ကုန်အစိုးရလို့ ပြောင်လှောင်အခေါ်ခံခဲ့ရတဲ့ ဘဝကနေ မိုးသီးမိုးပေါက်လိုပစ်နေတဲ့ ကျည်ဆန်တွေကို ပန်းပွင့်တွေလို့မှတ်ယူပြီး အတင်းပြေးတက်၊ အသက်နဲ့ရင်းတိုက်ခဲ့ရတဲ့ အင်းစိန်တိုက်ပွဲလို တိုက်ပွဲကြီးတွေ၊ ကျွန်းလုံးကြီးတွေကို ဆင်နဲ့ဆွဲတင်ပြီး ဆောက်ထားတဲ့ အခိုင်အမာ ကတုတ်တွေကို စွန့်စွန့်စားစား အသေခံချဉ်းကပ်ပြီး အတင်းဝင်တိုက်ခဲ့ရတဲ့ ရန်ကြီးအောင်စစ်ဆင်ရေး၊ မဲခေါင်စစ်ဆင်ရေးတို့လို ပြည်ပကျူးကျော်မှုဆန့်ကျင်ရေး တိုက်ပွဲကြီးတွေ၊ ကျားကုတ်ကျားခဲတိုက်ခဲ့ရတဲ့ ကွမ်လုံရက်လေးဆယ်တိုက်ပွဲ၊ ခြူးရွှေပန်ကောက်၊ စီစီဝမ် တာပန်၊ မိုင်းယန်း၊ မဲသဝေါစတဲ့ သောင်းကျန်းမှုဆန့်ကျင်ချေမှုန်းရေး တိုက်ပွဲကြီးတွေကို မသိထားဘူးဆိုရင် လွတ်လပ်ရေးကို ဘယ်လောက်အထိ ခဲခဲယဉ်းယဉ်း၊ ပင်ပင်ပန်းပန်း ထိန်းသိမ်းစောင့်ရှောက်ခဲ့ရတယ်ဆိုတာ သိနိုင်ဖို့လွယ်မှာ မဟုတ်ပါဘူး။

ဒါပေမယ့် ဒီနေ့ခေတ်မှာ နိုင်ငံတကာကို လှမ်းကြည့်လိုက်မယ်ဆိုရင် တစ်ချိန်က ဖွံ့ဖြိုးသာယာ တိုးတက်ခေတ်မီပါတယ်ဆိုတဲ့ နိုင်ငံတွေတောင် စက္ကူစုတ်ကလေးတွေလို တစ်ပိုင်းတစ်စစီ ဖြစ်သွားကြပြီး အချင်းချင်း သွေးချောင်းစီး တိုက်ခိုက်နေကြတာတွေ၊ အချင်းချင်းမညီညွတ်ကြလို့**"နွားအကွဲမှာ ကျားဆွဲ"**ခံရပြီး ယနေ့ထက်တိုင် မငြိမ်းချမ်းနိုင်ဘဲ အပြစ်မဲ့ ပြည်သူတွေရဲ့ အသက်ပေါင်းများစွာ နေ့စဉ် သေကျေဆုံးရှုံးနေကြရတာတွေ၊ ပြည်သူတွေ သိန်းနဲ့သန်းနဲ့ချီပြီး အိုးပစ်အိမ်ပစ်ထွက်ပြေးနေကြရတာတွေ မမြင်ချင်အဆုံး တွေ့နေ မြင်နေရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝရာသီဥတုတွေက ဖောက်ပြန်လို့ အငတ်ဘေးတွေ ဆိုက်နေကြရတာ၊ စားနပ်ရိက္ခာဈေးတက်လို့ သီးနှံမထွက်တဲ့ နိုင်ငံတွေမှာ ဒုက္ခရောက်နေကြတာတွေဟာ နိုင်ငံတကာမီဒီယာတွေမှာ ပါနေကျသတင်းလို ဖြစ်နေပါပြီ။

ဒီကနေ့ ကိုယ့်မြန်မာနိုင်ငံရဲ့ အခြေအနေနဲ့ အဲဒီဖြစ်စဉ်တွေကို ယှဉ်ကြည့်မယ်ဆိုရင် လွတ်လပ်ခြင်းရဲ့အရသာ၊ ငြိမ်းချမ်းခြင်းရဲ့အရသာနဲ့ ကိုယ့်ရေ၊ ကိုယ့်မြေ၊ ကိုယ့်လွတ်လပ်ရေးရဲ့တန်ဖိုးကို ကောင်းကောင်းကြီး သိလာမှာဖြစ်ပါတယ်။ ဒီခေတ်လူငယ် မောင်တို့မယ်တို့ဟာ အလွန်ကံကောင်းပါတယ်။ ပြည်တွင်းသောင်းကျန်းမှုကြီးထွားခဲ့တဲ့ အချိန်တုန်းကလို မှောင်ရီပျိုးတာနဲ့ ပုန်းရလျှိုးရ၊ သူပုန်ရန်ကြောက်လို့ အိမ်အောက်ဝင်အိပ်ရ၊ စပါးကျီထဲ ပုန်းအိပ်ရတဲ့အဖြစ်မျိုးတွေနဲ့လည်း မကြုံရတော့ပါဘူး။ ဟိုးတစ်ချိန်က ဗုံးသံ သေနတ်သံတွေနဲ့ ညံနေခဲ့တဲ့ နယ်စွန်နယ်ဖျား၊ တောကြိုအုံကြားနေရာတွေမှာတောင်မှ စာသင်ကျောင်းတွေ၊ စာအံသံလေးတွေ စီစီညံနေခဲ့ပါပြီ။ စစ်တလင်းတွေ၊ မိုင်းကွင်းတွေနေရာမှာ စပါးခင်းတွေနဲ့ ရွှေရောင်လွှမ်းခဲ့ပြီ ဖြစ်ပါတယ်။ နိုင်ငံအနှံ့ ကျေးလက်ဒေသတွေမှာ လက်ညှိုးထိုးမလွဲတဲ့ ဆည်အစုအဖွဲ့တွေ၊ မြစ်ရေတင်စီမံကိန်းတွေ၊ မြေအောက်ရေ စီမံကိန်းတွေ၊ စိုက်ပျိုးရေစီမံကိန်းတွေနဲ့ စိုက်ပျိုးရေတွေ အလျှံပယ်ရလာလို့ ကောက်ပဲသီးနှံ ဆန်ရေစပါးတွေ အထွက်အများကြီးပိုလာခဲ့သလို နိုင်ငံပိုင်နဲ့ ပုဂ္ဂလိကပိုင် စက်ရုံကြီးငယ်တွေက စက်မှုထွက်ကုန်တွေလည်း အရင်ကထက် အဆများစွာ တိုးလာခဲ့တာ အထင်အရှားပါ။

နိုင်ငံတစ်နံတစ်လျားမှာ ရထားလမ်း၊ ကားလမ်းတွေနဲ့ ပေပေါင်း ထောင်ချီရှည်လျားတဲ့ တံတားကြီးပေါင်းများစွာ ဒီဘက်ခေတ်မှာ တိုးတက်တည်ဆောက်နိုင်ခဲ့တာ ကူးသန်းရောင်းဝယ် ဆက်သွယ်ပို့ဆောင်ရေးတွေ ထူးထူးခြားခြား ဖွံ့ဖြိုးလာခဲ့တာတွေဟာ တကယ်တော့ လွတ်လပ်မှုရဲ့အကျိုး၊ ငြိမ်းချမ်းမှုရဲ့ အသီးအပွင့်တွေပါ။

လွတ်လပ်မှုမရှိသေးခင်တုန်းက နယ်ချဲ့တွေဟာ သူတို့အတွက် အကျိုးအမြတ်ရတဲ့ နေရာမှာ ခြေသွက်ခဲ့သလောက် အကျိုးအမြတ်မရှိတဲ့ နေရာမှာ ကြေးပြားတစ်စေ့မှ အပွန်းခံခဲ့တာမဟုတ်လို့ တောင်ပေါ်နဲ့မြေပြန့်၊ ကျေးလက်နဲ့ မြို့ပြ ဖွံ့ဖြိုးမှု ကွာဟချက်တွေ ကြီးမားခဲ့သလို နိုင်ငံရေးအရလည်း စိတ်ဝမ်းကွဲအောင် အစီအစဉ်ရှိရှိ စနစ်တကျ သွေးခွဲခဲ့ကြတာ ဖြစ်ပါတယ်။ အကျိုးဆက်ကတော့ လွတ်လပ်ရေးရပြီးတဲ့နောက်မှာ တိုင်းရင်းသားချင်း၊ အမျိုးသားချင်း စည်းလုံးညီညွတ်မှုအားနည်းခဲ့ရာက ပြည်တွင်းသောင်းကျန်းမှုမီးလျှံကြောင့် ငြိမ်းချမ်းတည်ငြိမ်မှု ပျက်ပြားခဲ့ရတာပါပဲ။

ဒါကြောင့် လွတ်လပ်ရေးနဲ့ ငြိမ်းချမ်းမှုဆိုတာမရှိရင် နိုင်ငံတွေဟာ မဖွံ့ဖြိုး၊ မတိုးတက်နိုင်ပါဘူး။ တိုးတက်ဖွံ့ဖြိုးမှုမရှိရင်လည်း ရေရှည်မှာ လွတ်လပ်မှုနဲ့ငြိမ်းချမ်းမှုကို တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်မှာ မဟုတ်ပါဘူး။ လွတ်လပ်ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုဆိုတာ အပြန်အလှန် အမှီသဟဲပြု ဆက်စပ်နေကြတာမျိုးပဲ ဖြစ်ပါတယ်။ သို့သော်လည်း လွတ်လပ်ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှု နှစ်ခုစလုံးမှာ မရှိမဖြစ်လိုအပ်တဲ့ အခြေခံအချက်တစ်ခုတော့ ရှိပါတယ်။ အဲဒါကတော့ **စည်းလုံးညီညွတ်မှု**ပါပဲ။

ဒီနေ့ခေတ် **လူငယ်မောင်မယ်တွေဟာ မိဘဘိုးဘွားတွေ တန်ဖိုးကြီးကြီးပေးပြီး ရယူထိန်းသိမ်းထားခဲ့ရတဲ့ လွတ်လပ်ရေးကို ဆက်ပြီးတည်တံ့အောင် ထိန်းသိမ်းဖို့၊ အမိနိုင်ငံရဲ့ လွတ်လပ်ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ဆက်ပြီး ကြိုးပမ်းထူထောင် ကာကွယ်စောင့်ရှောက်ကြဖို့ အဓိကတာဝန်ရှိသူတွေ ဖြစ်ပါတယ်။** ဒီတာဝန်ကို အပြည့်အဝ ကျေပွန်နိုင်ဖို့အတွက် သမိုင်းကိုလေ့လာ၊ ခေတ်အမြင်တွေပါ ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ပြီး အမျိုးသားရေးစိတ်ဓာတ် အခြေခံနဲ့ စည်းလုံးညီညွတ်စွာ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုပါတယ်။ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စား၊ အကြွားအဝါ၊ ပကာသနတွေကိုပဲ တန်ဖိုးထားပြီး အပျော်အပါးတွေနဲ့ပဲ အချိန်ကုန်နေကြမယ်ဆိုရင်တော့ စိန်ခေါ်မှုတွေကြီးမားလာနေတဲ့ ဒီခေတ်ကြီးထဲမှာ လူတကာကို မှီခိုခယ မျက်နှာချိုသွေးပြပြီး လက်ဝါးဖြန့်ခံနေရတဲ့ ကျွန်ဘဝကို ပြန်ရောက်သွားကြပါလိမ့်မယ်။ မျိုးချစ်စိတ်နဲ့ စည်းလုံးညီညွတ်မှုမရှိဘဲ သွေးကွဲနေကြမယ်ဆိုရင်လည်း နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးအတွက် ထိထိရောက်ရောက် မလုပ်နိုင်ဘဲ အားနည်းနေမှာဖြစ်ပါတယ်။ ဒါကြောင့် မကြာလှတဲ့ အနာဂတ်ကာလမှာ နိုင်ငံ့တာဝန်တွေကို ပခုံးပြောင်းလွှဲယူကြတော့မယ့် လူငယ်မောင်မယ်တို့အနေနဲ့ တန်ဖိုးကြီးမားလှတဲ့ လွတ်လပ်ရေးနဲ့ အဖိုးတန်လှတဲ့ မိမိတို့နိုင်ငံကို ထာဝစဉ်တည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ဖို့အတွက် စည်းလုံးညီညွတ်မှုကို အခြေခံအသိအမြင် မှန်မှန်ကန်ကန်နဲ့ ဇွဲလုံ့လ အားမာန်အပြည့်ထည့်ပြီး ကြိုးပမ်းသွားကြပါလို့ တပ်လှန့် နှိုးဆော်လိုက်ချင်ပါတယ်။ ။

လူငယ်မောင်မယ်တွေဟာ မိဘဘိုးဘွားတွေ တန်ဖိုးကြီးကြီးပေးပြီး ရယူထိန်းသိမ်းထားခဲ့ရတဲ့ လွတ်လပ်ရေးကို ဆက်ပြီးတည်တံ့အောင် ထိန်းသိမ်းဖို့၊ အမိနိုင်ငံရဲ့ လွတ်လပ်ငြိမ်းချမ်းမှုနဲ့ တိုးတက်ဖွံ့ဖြိုးမှုကို ဆက်ပြီး ကြိုးပမ်းထူထောင် ကာကွယ်စောင့်ရှောက်ကြဖို့ အဓိကတာဝန်ရှိသူတွေဖြစ်။

စာမျက်နှာ ၇ မှ

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာမှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာ၍ လမ်းကြောင်းတစ်လျှောက်ရှိ သဃ်ာန်းကုန်း၊ သက္ကယ်သောင်၊ သဃ်ာန်းကြီး၊ ဇင်ရွဲ၊ စလူဆိပ်ကျေးရွာများ ပြန်လည်ထူထောင်တည်ဆောက်ထားမှု အခြေအနေများနှင့် Cyclone Shelter များတည်ဆောက်မည့် ကျေးရွာအခြေအနေတို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြင်စလူမြို့သို့ မွန်းလွဲ၂နာရီခွဲတွင် ရောက်ရှိရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလုပ်ငန်းရှင်ကုမ္ပဏီများက ကြိုဆိုကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့၌ အသက်ကယ်ကုန်းမြင့်တည်ဆောက်နေမှု၊ Cyclone Shelter တည်ဆောက်နေမှု လုပ်ငန်းများကို ရှုရပ်မှကြည့်ရှုစစ်ဆေးပြီး ပြင်စလူမြို့မှ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် ပြင်စလူမြို့ ပြန်လည်ထူထောင်ထားမှု၊ လူနေအိမ်ရာများ စနစ်တကျတည်ဆောက်ပေးထားမှု၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံများနှင့် ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ တည်ဆောက်ပြီးစီးမှု၊ လမ်းဘေးဝဲယာ အရိပ်ရပင်၊ လေကာပင်များ စိုက်ပျိုးထားမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးရုံး မက်စ်မြန်မာရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က ပြင်စလူဒေသသို့ လေမုန်တိုင်းပြင်းထန်စွာဝင်ရောက်တိုက်ခတ်မှု၊ ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏများပြားမှု၊ ကယ်ဆယ်ရေးနှင့်ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲသည် ပြင်စလူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ အခြေပြမြေပုံကိုကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေက မိုးစပါးထွက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက လပွတ္တာ-သဃ်ာန်းကြီး-ပြင်စလူလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်ငန်းပြန်လည်ထူထောင်ပေးမှု အခြေအနေများကိုလည်းကောင်း၊ မက်စ်မြန်မာကုမ္ပဏီဥက္ကဋ္ဌက လယ်ယာလုပ်ငန်းများတွင် လယ်ထွန်စက်၊ မြေဩဇာ၊ မျိုးစပါး၊ စက်သုံးဆီများ ပံ့ပိုးပေးခဲ့မှု၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာအဆောက်အအုံများ၊ လူနေအိမ်ရာများနှင့် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးက တင်ပြချက်များအပေါ် ပြန်လည်လမ်းညွှန်ရာ၌ ပြင်စလူဒေသသည် နာဂစ်မုန်တိုင်း ပြင်းထန်စွာတိုက်ခတ်သွားခဲ့သော ဒေသဖြစ်ကြောင်း၊ ယခုအခါ ပြင်စလူမြို့နှင့် အနီးပတ်ဝန်းကျင်ရှိ သက္ကယ်သောင်၊ သဃ်ာန်းကလေး၊ သဃ်ာန်းကြီး၊ ဝွေးချောင်း၊ စလူဆိပ်စသည့် ကျေးရွာများသည်လည်း ယခင်အခြေအနေနှင့်မတူ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာလျက် ရှိသည်ကို မြင်တွေ့နေရကြောင်း။

အားပေးစောင့်ရှောက်

ပြင်စလူမြို့ကို စံပြမြို့ကလေးဖြစ်လာအောင်၊ ကျေးရွာများကိုလည်း စံပြကျေးရွာများဖြစ်လာအောင် ဆက်လက်အားပေး စောင့်ရှောက်သွားရမှာ ဖြစ်ကြောင်း။

စာသင်ကျောင်းများနှင့် ဆေးရုံ၊ ဆေးခန်းများကိုလည်း နေသားတကျပုံမှန်အခြေအနေသို့ အမြန်ရောက်ရှိလာအောင် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်လိုကြောင်း။

အမြန်ဆောက်လုပ်

နောင်အရေးကြုံခဲ့ပါက မုန်တိုင်းခိုလှုံရာအဆောက်အအုံ Cyclone Shelter များကို ပင်လယ်နှင့်ဆက်စပ်နေသောဒေသများ၌ အမြန်ပြီးစီးအောင် ဆောက်လုပ်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြရာ လမ်းတစ်လျှောက်ရှိ လပွတ္တာ-သဃ်ာန်းကြီး-ပြင်စလူလမ်းဖောက်လုပ်မှု အခြေအနေနှင့် ပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်မြို့သို့ ညနေ၄နာရီတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ဆေးတက္ကသိုလ်(၁) ကျောင်းသားဟောင်းများ ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ဆေးတက္ကသိုလ်(၁)ရန်ကုန် (၁၉၇၉-၁၉၈၄) ဆေးကျောင်းသား ဆေးကျောင်းသူများကကြီးမှူး၍ အာစရိယပူဇော်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၀ရက် ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရ သည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(သတင်းစဉ်)

သထုံမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

သထုံမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအောင် အသင်းဝင် သားသမီးများ ဂုဏ်ပြုဆုပေးပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီက စမ်းချောင်းမြို့နယ် ဗားကရာလမ်းရှိ နေနတ်သားစာသင်တိုက် (ကိုးထပ်ကြီးဘုရားရှေ့)တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မဝင်ရသေးသူ၊ သထုံသူ သထုံသားများ၊ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင် အသင်းဝင် သားသမီးများ၊ နှစ်စဉ်ပညာရေး ဆုရသူများ မပျက်မကွက် တက်ရောက်ကြရန်နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင် အသင်းဝင် သားသမီးများစာရင်းကို ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဒုတိယဥက္ကဋ္ဌဦးခင်မောင်ပြုံး ဖုန်း-၂၁၁၆၅၈၊ အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄ နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြသန်း ဖုန်း-၅၃၅၅၇၇ တို့နှင့် နီးစပ်ရာအမှုဆောင်များထံ ဇန်နဝါရီ ၈ရက် နောက်ဆုံးထား ပေးပို့ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

၃။ ပြည်သူတစ်ရပ်လုံး၏ တစ်ခဲနက် ဆန္ဒမဲဖြင့် အတည်ပြုပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

၄။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဒီဇင်ဘာ ၂၁ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးဝင်းမြင့်နှင့် မြို့နယ်ဦးစီးဌာနမှူး ဦးအေးနိုင်တို့ ဦးဆောင်သည့် ဝန်ထမ်းများက မိုင်းဖြတ်မြို့နယ် ဝမ်ပုံကျေးရွာရှိ ဒေသခံတိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ရာ ပြည်နယ်ဦးစီးဌာနမှူး ဦးစိုးပိုင်မြင့်က လိုအပ်သည်များ ကြပ်မတ်စိစစ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းမ်ဂျာနယ် နှစ်ပတ်လည်အမှတ်တရ အထူးထုတ်ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ်(၁)ကို နှစ်ပတ်လည်အမှတ်တရ အထူးထုတ်စာစောင်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ရာ လွတ်လပ်ရေးအမှတ်တရ ဂုဏ်ပြုဆောင်းပါး၊ မြန်မာ့စီးပွားရေးသုံးသပ်၊ မြန်မာ့နိုင်ငံရေးသုံးသပ်၊ ကမ္ဘာ့ဖြစ်စဉ် သုံးသပ်၊ ခရီးသွားစီးပွားသုံးသပ်၊ ကြော်ငြာစီးပွားသုံးသပ် စသည့် သုံးသပ်ချက်ဆောင်းပါးများ ဝေဝေဆာဆာ စာမျက်နှာများများဖြင့် တိုးမြှင့် ထုတ်ဝေလိုက်သည်။

ယင်းအပြင် မြန်မာ့ဆန် ပြည်ပဈေးကွက်သစ်များ ချဲ့ထွင်မှုအခြေအနေ၊ အာရှ-ပစိဖိတ်အကြီးဆုံး ဇိမ်ခံသင်္ဘောကြီးပေါ်တွင် မြန်မာဇာတ်ကားသွားရောက်ရိုက်ကူးမယ်တဲ့၊ ရတနာပုံဆိုက်ဘာစီးတီးတွင် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီကြီးက ရင်းနှီးမြှုပ်နှံပြီး အိတ်ချိန်းများ တပ်ဆင်ထုတ်လုပ်မည်၊ ၂၀၀၉ အိမ်ခြံမြေဈေးကွက် ကြိုတင်သုံးသပ်ချက်၊ နိုင်ငံတကာမှ ဘာသာရပ်ဆိုင်ရာစာအုပ်များနှင့် ကလေးစာပေများ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များသို့ လှူဒါန်းမည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **“လူငယ်နှင့် နှစ်သစ်စိတ်ကူး”**အကြောင်း၊ ဖျော်ဖြေရေးသတင်းများ အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ပြည့်တွင်းရေးရာ သတင်းများပါရှိသည်။

အိန္ဒိယအမျိုးသားများ၏ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့်ဆိုင်သော မှတ်တမ်းစာအုပ် ထွက်ရှိ၊ ဘင်လာဒင်အသက်ရှင်လျက် ရှိ၊ မရှိ အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီမသိ၊ ထိုင်းစကော်ပီယံကွင်း ဒုတိယအကြိမ် ဂင်းနက်စ်မှတ်တမ်းဝင်ရန်ကြိုးပမ်းခဲ့၊ ကမ္ဘာ့ပထမဆုံး ရေခဲရိုက်သဲသောင်ပြင် ဒူဘိုင်းရှိ ဇိမ်ခံဟိုတယ်တစ်ခု၌ တည်ဆောက်မည်၊ **“တရုတ်အမျိုးသားတစ်ဦးက သူ၏ချစ်သူဆိုသော အမျိုးသမီးအား သုံးထပ်တိုက်ပြတင်းပေါက်မှ ပစ်ချရန်ကြိုးပမ်းသဖြင့် အဖမ်းခံရ”**မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **“ပြောရဦးမယ် သူတို့က ဒီလိုတဲ့”**ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

မြန်မာ့လွတ်လပ်ရေး ထိန်းသိမ်းပေး

❖ တစ်, ကိုး, လေး, ရှစ်၊ သက္ကရာဇ်အခြေတည်
နေ့အရုဏ်တက်၊ လေးရက်ဇန်နဝါရီ
ဒို့မြန်မာပြည်၊ မာန်ချီဝင့်ဝင့်
နယ်ချဲ့အလံ၊ လျှောကျပြန်
မြန်မာ့အောင်လံ လွှင့်သည်နှင့်လေး....။

❖ မိုးယံစွင့်စွင့်၊ ထူးတင့်ချိန်ခါမှန်
ရဲရဲနီစွေး၊ သွေးသစ်အားနှင့်မာန်
မြန်မာ့အောင်လံ၊ မြူးပျံဝင့်ကြွား
တိုင်းရင်းသားစုံ၊ ပေါင်းစုဆုံ
မျိုးဂုဏ်လွန်မြင့်မားသည်နှင့်လေး....။

❖ အရေးသုံးပါး၊ ဦးထိပ်ထားရွက်ဆောင်
ဒို့လွတ်လပ်ရေး၊ မနေးတည်တံ့အောင်
သားချင်းညီနောင်၊ ပြည်ထောင်စုအရေး
အချုပ်အခြာ၊ မြဲခိုင်မာ
ကာကွယ်စောင့်ရှောက်ပေးသည်နှင့်လေး....။

❖ ပြည်သူဟစ်ကြွေး၊ မနေးပင်ထောက်ခံ
ဖွဲ့စည်းပုံအနှစ်၊ ဥပဒေသစ်အမှန်
တည်ဆောက်ကြရန်၊ နိုင်ငံတော်သစ်
စည်းကမ်းပြည့်ညီ၊ ဒီမိုကရေစီ
ခေတ်မီနိုင်ငံဖြစ်သည်နှင့်လေး....။

❖ မြန်မာ့သမိုင်းသစ်၊ ဖွင့်လှစ်မော်ကွန်းတည်
လမ်းစဉ်ခုနစ်ရပ်၊ ချမှတ်ရှေ့သို့ချီ
မသွေမဖည်၊ ဖြောင့်သို့သည်လမ်း
ဉမကွဲပါ၊ ညီညွတ်စွာ
မကွာအရောက် လှမ်းသည်နှင့်လေး....။

❖ အောင်ပန်းဆင်သ မြန်မာ့လွတ်လပ်ရေး မုခ်ဦးမှသည်။
❖ စည်းကမ်းပြည့်ဝ စစ်မှန်လှဒီမိုကရေစီ နိုင်ငံတော်သစ်ဆီ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် –

မောင်ရွှေနွယ် (အင်းလေး)

မြန်မာ့အလင်း အမြို့မြို့ အနယ်နယ် လိုတိုရှင်းသတင်းများ

အိုင်သပြု အထက မြတ်ဆရာပူဇော်ပွဲ

ရောဝတီတိုင်း လေးမျက်နှာမြို့နယ် အိုင်သပြု အထကကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၅ရက် (တနင်္လာနေ့) နံနက် ၈နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာ ဆရာမဟောင်းများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးအောင်သူ ဖုန်း-၆၁၃၆၂၁၊ ၆၁၃၆၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မိုးမောက်၌ စာဖတ်ဝိုင်းဆွေးနွေး

မိုးမောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စာဖတ်ဝိုင်းကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်မှ အခန်း(၁) အပိုဒ် ၁မှ ၄၈အထိကို ဝန်ထမ်းအသီးသီးက ဖတ်ကြားရာ မြို့နယ်ဦးစီးမှူး ဒေါ်လွန်းနန်းထွေးက ပြန်လည်သုံးသပ်ဆွေးနွေးသည်။ (မြို့နယ် ပြန်/ဆက်)

နောင်ချိုမြို့ မဈေးအတွင်း ကျန်းမာရေးလုပ်ငန်းစစ်ဆေး

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသည့် သားငါးအရောင်းဆိုင်များ ကျန်းမာရေးနှင့်ညီညွတ်စေရန် ယင်လုံဆန်ခါ ဖုံးအုပ်ရောင်းချခြင်းရှိ မရှိ၊ အိုင်အိုဒင်းဓာတ်ပါရှိသည့် ဆားများရောင်းချခြင်းရှိ မရှိ၊ မြို့နယ်စည်ပင်ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်းစစ်ဆေးရာသို့ မြို့နယ်စည်ပင်အဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (မြို့နယ်စည်ပင်)

တောင်တွင်းကြီး၌ စာကြည့်တိုက်များ ခိုင်မာရေးဆောင်ရွက်

မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းသည် ဒီဇင်ဘာ ၂၁ရက် နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် ပြန်/ဆက်စာကြည့်တိုက်ခန်းမ၌ မြို့နယ်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး ၂၀၀၈-၂၀၀၉ ခုနှစ် သတ်မှတ်ကာလအတွင်း လျာထားချက်နှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးအတွက် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရေး ဆွေးနွေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

မကွေး ရောဝတီမြစ်ကမ်းဘေး လမ်းသန့်ရှင်းရေးဆောင်ရွက်

မကွေးမြို့ ရောဝတီမြစ်ကမ်းဘေး ကမ်းနားလမ်းတစ်လျှောက် အမှိုက်များမရှိရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၄ရက်က မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဦးတို့ ကြပ်မတ်ဆောင်ရွက်ပေးခဲ့သည်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့ သာယာလှပရေးဆောင်ရွက်

ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေသာယာလှပရေးအတွက် ပေါင်းမြက်နှင့် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်ကိုဝင်းနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးမျိုးဆွေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြသည်။ (မြို့နယ်စည်ပင်)

ကယားပြည်နယ် ပြန်/ဆက်လုပ်ငန်းညှိနှိုင်းစည်းဝေး

ကယားပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဒုတိယလေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဒီဇင်ဘာ ၁၂ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ သက်ဆိုင်ရာ တာဝန်ရှိသူတို့က မိမိတို့ခရိုင်၊ မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက လိုအပ်သည်များ မှာကြားသည်။ (ခရိုင် ပြန်/ဆက်)

မြောက်ဦးမြို့ သာယာလှပရေးဆောင်ရွက်

မြောက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ သျှစ်သောင်းဘုရားလမ်း ကတ်တုံးများ ဆောင်ရွက်မှုကို ဒီဇင်ဘာ ၅ရက်က အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဦးစောဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ (မြို့နယ်စည်ပင်)

ကျောက်တံခါးမြို့တွင်းလမ်း ထပ်ပိုးလွှာခင်း

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းလမ်းများ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်း အပိုင်း(၁)အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းပြီးစီးမှုကို နိုဝင်ဘာ ၁၈ရက်က ညွှန်ကြားရေးမှူး ဦးခင်မောင်ညိုနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ချောခင်းရန် ကျောက်စုဆောင်း

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ကျေးလက်ကျောက်ချောလမ်းအဖြစ် အိုင်သပြု-ဝက်ဆင်းအိုင်-သိမ်ကုန်း-ပေါက်ကုန်းလမ်း ကျောက်ကြီးစုဆောင်းထားရှိမှုကို ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ကွင်းဆင်းစစ်ဆေးခဲ့သည်။ (မြို့နယ်စည်ပင်)

မော်တော်ယာဉ်များ ယာဉ်စည်းကမ်းနှင့်ညီညွတ်ရေး စစ်ဆေး

တိုင်းဦးစီးမှူးရုံး(မကွေး)မှ တိုင်းဦးစီးမှူး ဦးတင်ထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၂ရက်က မကွေးမြို့ အဝေးပြေးမော်တော်ယာဉ်ရပ်နားစခန်းမှ ရန်ကုန်၊ မန္တလေးနှင့် အခြားမြို့များသို့ ထွက်ခွာမည့်ခရီးသည်တင်ယာဉ်များကြံ့ခိုင်မှုရှိ မရှိ၊ လိုင်စင်များပါရှိမှုရှိ မရှိ၊ ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်ခြင်းရှိ မရှိတို့ကို ရှောင်တခင်စစ်ဆေးခဲ့သည်။ (တိုင်းကညန)

ကျိုက်ထိုမြို့ သုဝဏ္ဏဘူမိတောင်တန်းသာဟိုတယ် အပန်းဖြေစခန်းနှင့် အမှတ်(၁) စစ်တောင်းစက္ကူစက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး စစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး သာအေး သိမ်ဇရပ် စံပြကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အမှတ်(၁) စစ်တောင်းစက္ကူစက်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၃၀

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၅ရက် နံနက် ၈နာရီခွဲက ကျိုက်ထိုမြို့ရှိ သုဝဏ္ဏဘူမိတောင်တန်းသာဟိုတယ်နှင့် အပန်းဖြေစခန်း၌ ခရီးသွားဧည့်သည်များ တည်းခိုစားသောက် အပန်းဖြေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် ဟိုတယ်သာယာလှပ စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်၊ ပန်းပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တပ်နယ်အတွင်း စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း (ဘုရားလမ်း) သုတေသနနှင့် မျိုးပွားခြံမှ ထွက်ရှိသည့် ဆီအုန်းခိုင်နမူနာများနှင့် မလေးရှားအုန်းဝါပု အသီးခိုင်နမူနာများကိုလည်းကောင်း၊ ခရိုင်ချင်းဆက်လမ်း အမှတ်(၂) ဇီးကုန်း-ဆင်တွင်းလမ်းအပိုင်းရှိ ကဒတ်ချောင်းတံတား တည်ဆောက်နေမှုနှင့် ပိုင်ရိုက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြာပန်း-ဝင်းကံလမ်း အပိုင်း မိုင်တိုင်အမှတ် ၈၅မိုင်ရှိ ဆောင်နိုင်ကြီးချောင်းတံတား တည်ဆောက်နေမှု၊ မုတ္တမ-သဲအိမ်-ကြာပန်း-ဝင်းကံလမ်း အပိုင်း မိုင်တိုင်အမှတ် ၉၁မိုင် ၂ဖာလုံနှင့် ၃ဖာလုံကြားရှိ ဆင်တွင်းချောင်း (ခဝါချောင်း)တံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

စစ်တောင်းစက္ကူစက်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးသည် သိမ်ဇရပ် စံပြကျေးရွာရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အမှတ်(၁) စစ်တောင်းစက္ကူစက်သို့ရောက်ရှိပြီး ဓာတုဗေဒစက်ရုံကုန်ထုတ်ဌာန၊ အချောကိုင်ဌာနနှင့် ဗလာစာအုပ်ချုပ်လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ အချိန်မီပြီးစီးရေး ကြိုးပမ်း သတ်မှတ်အရည်အသွေးပြည့်မီရေး စနစ်တကျ ကြပ်မတ် လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၃၀

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေး စီမံကိန်း (မြောင်းတကာ) လုပ်ငန်းခွင်သို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးအောင်မြင့်က လက်ရှိတည်ဆောက်လျက်ရှိသော စီမံကိန်းလုပ်ငန်းအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ယခုအမှတ်(၄)ဓာတ်မြေဩဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းကို သတ်မှတ်ကာလအတိုင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ သတ်မှတ်အရည်အသွေးပြည့်မီစေရေးအတွက် အဆောက်အအုံပိုင်းရော စက်တပ်ဆင်မှု အပိုင်းများကိုပါ Technically စေ့စပ်သေချာစွာ အဖွဲ့များဖြင့် စနစ်တကျ ကြပ်မတ်သွားရန်နှင့် ငွေကြေးသုံးစွဲမှုအပိုင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန် မှာကြားပြီး ရှေ့ဆက်လက်ဆောင်ရွက်သွားရမည့် အစီအစဉ်များကို အသေးစိတ် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် စီမံကိန်းဝင်းအတွင်းရှိ တည်ဆောက်လျက်ရှိသော Crushing and Screening Unit၊ Clarified Water Basin၊ Sub-Station များ၊ Cooling Tower၊ Ammonia Compressor House နှင့် Cylinder Filling Unit အဆောက်အအုံများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ(**အပေါ်ယာပုံ**) လိုအပ်သည်များ ညှိနှိုင်းပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးဝမြို့ အောင်စံပယ်လမ်း ကတ္တရာခင်းလုပ်ငန်း ဆောင်ရွက်

ကလေးဝ ဒီဇင်ဘာ ၃၀

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) မြို့ပြလမ်းလုပ်ငန်းဖြစ်သော အောင်စံပယ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၆ရက်က အမှုဆောင်အရာရှိ ဦးဇော်ခင် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးမင်းဇေက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အထက ကနောင် အာစရိယပူဇော်ရန် လှူဒါန်းနိုင်

ရန်ကုန် ဒီဇင်ဘာ ၃၀

၁၉၈၄-၁၉၈၅ခုနှစ် အထက ကနောင်ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက မိမိတို့ကို ပညာသင်ကြားပေးခဲ့သော အငြိမ်းစား ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ရက်က အထက ကနောင်ဈေးခန်းမ၌ ကျင်းပခဲ့သည်။ လာမည့်နှစ်များတွင်လည်း ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်၍ အငြိမ်းစားယူပြီး ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ဆက်လက်စီစဉ်လျက်ရှိသည်။

အထက ကနောင်ကျောင်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်ဆင်နွှဲနိုင်ရန်အတွက် ဦးမိုးကျော် ဖုန်း-၀၄၄-၅၀၀၀၅၊ ဦးကျော်ကြီး ဖုန်း-၀၄၄-၅၀၃၈၇၊ ဦးလှိုင်ဝင်း ဖုန်း-၀၄၄-၅၀၁၂၆၊ ဒေါ်ညိုညိုသောင်း ဖုန်း-၀၄၄-၅၀၃၃၅၂၊ ဒေါ်စန်းလှ ဖုန်း-၀၄၄-၅၀၀၆၃နှင့် ဦးယဉ်ကျော်ဆန်း ဖုန်း-၀၄၄-၅၀၃၅၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ အချိန်မီလှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရွှေတိဂုံပုံစံတူ ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"**အား နေပြည်တော်၌ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တပေါင်းပွဲတော်အမီပြီးစီးအောင် တည်ထားပူဇော်လျက်ရှိပါသည်။

ရဟန်းရှင်လူ ပြည်သူများကလည်း စေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အားတက်သရော ပါဝင်လှူဒါန်းပူဇော်လျက်ရှိကြပါသည်။

ရွှေသင်္ကန်းကပ်လှူရန် ရွှေပြားလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ၂၀၀၉ခုနှစ် ဇန်နဝါရီလမကုန်မီအတွင်း ထည့်ဝင်လှူဒါန်းသူများအား ရွှေစင်ရွှေပြားပေါ်တွင် သက်ဆိုင်ရာ အလှူရှင်အမည်ကို ကမ္ပည်းရေးထိုး၍ ဖေဖော်ဝါရီလအပြီး ကပ်လှူပူဇော်ပေးသွားမည်ဖြစ်ပါကြောင်း စေတနာရှင် ရဟန်းရှင်လူပြည်သူ အပေါင်းအား အသိပေးနှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

(၃၆)နှစ်မြောက် မင်္ဂလာဆုတောင်း

၃၁-၁၂-၂၀၀၈ရက်တွင် ကျရောက်သော ချစ်ဖေဖေ ဦးမင်းကျော်ဆွေ (အထပြ-ငြိမ်း)နှင့် ချစ်မေမေ ဒေါ်ခင်လှ (အလပြ-ငြိမ်း) တို့၏ (၃၆) နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု၊ ပတ္တမြားရတုနှင့် ရတုများအဆက်ဆက်တိုင် ဤချစ်သား၊ သမီး၊ ချစ်မြေးတို့နှင့် အတူတကွ လက်တွဲ၍ ဗုဒ္ဓ၏ အေးမြသော မေတ္တာရိပ်အောက်တွင် မြင့်မြတ်အေးချမ်းစွာနှင့် နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သားသမီးနှင့် ချစ်မြေးများ-

မင်းစိုးမြတ်ကျော်	B.E., (Mechanical)
မိသီတာကျော်	B.Sc., (Chemistry), PGDMA အထက(၂) မြောက်ဥက္ကလာပ
မင်းရဲထွန်းကျော်-မတင်ပပလင်း	B.Sc., (Maths)
မိစန္ဒာကျော်	B.A., (Myanmar)., PTECH အမက(စံပြ) ဒလမြို့နယ်
မိသီဂီကျော်	B.Act., (D.,MAc)
မင်းနန္ဒကျော်	B.Sc., (Maths)

ချစ်မြေးများ-

မအိက္ကန္ဒာကျော်	[Grade III (A) အမက-၄၊ မြောက်ဥက္ကလာပ]၊ မအိမ့်ပြည့်စုံကျော်။



မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

တောင်ကြီးမြို့နေ ဦးကောင်းညွန့်-ဒေါ်ခင်ဝင်းမြင့် (ရွှေပြည်ဝန်ပုဆိုး)တို့၏ သားငယ်
မောင်ဘုန်းနိုင်ဟန် B.Sc., (Hons), M.Sc (Phys)-မအေးသီတာဆွေ (LL.B)တို့၏ညီ

ဒေါက်တာကျော်ဇံဟိန်း (B.V.Sc)

(ဒု-ဦးစီးမှူး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တောင်ကြီးမြို့)နှင့်

ရန်ကုန်မြို့နေ ဦးမောင်မောင်ချို (ရန်ကင်းပညာရေးမိသားစု)-ဒေါ်အေးအေးသန်း (ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့၏ တစ်ဦးတည်းသောသမီး

မသန့်သစ္စာ (B.Ed)

အထက(၂)ဒဂုံတောင်

တို့၏ ၂၄-၁၁-၂၀၀၈ ရက်တွင် **Mya Yeik Nyo Royal Hotel**၌ ကျင်းပသော စေ့စပ်မင်္ဂလာ အခမ်းအနားတွင် စေ့စပ်လက်စွပ်ဆင်မြန်းပေးပြီး ၂၃-၁၂-၂၀၀၈ ရက်တွင် နေအိမ်၌ ကျင်းပသော ထိမ်းမြားလက်ထပ်ပွဲ၌ စုလျားရစ်ပတ် လက်ထပ်ပေးပါသော ဒုတိယဗိုလ်မှူးကြီး အောင်မြိုင်(ငြိမ်း)နှင့်ဇနီး ဒေါ်ရင်ကြည် (ကထိက၊ မြန်မာစာဌာန)၊ စေ့စပ်မင်္ဂလာပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံး ဆင်မြန်းပေးပါသော ဦးစိန်လှိုင်(လ/ထ အထွေထွေမန်နေဂျာ၊ မြန်မာ့မီးရထား-ငြိမ်း)နှင့်ဇနီး ဒေါ်နန်းခင်ဌေး၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်း တွဲဖက် တရားသူကြီး(၆) ဦးခင်မောင်ဌေးနှင့် နှစ်ဖက်သောအသိသက်သေများ၊ ၂၅-၁၂-၂၀၀၈ ရက်တွင် **Dusit Inya Lake**၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးသည့် ဗိုလ်မှူးကြီးကျော်စွာနှင့်ဇနီး ဒေါ်မာလာဝင်း၊ လက်ထပ်လက်စွပ် ဆင်မြန်းပေးသည့် ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းနှင့်ဇနီး ဒေါ်နွဲ့ညိုအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ ချီးမြှင့်ပါသော ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဇနီး ဒေါ်ခင်မေလတ်၊ ဗိုလ်မှူးကြီးစောနိုင်နှင့် ဇနီး ဒေါ်ပြုံးကြည်၊ မင်္ဂလာအခမ်းအနားပွဲအားလုံး၌ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်သီချင်း သီဆိုပေးသော တေးသံရှင် စိမ်းမိုမို့နှင့် **The Aces**တေးဂီတအဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ဒေါက်တာစောသဥ္ဇာပြုံး၊ မင်္ဂလာပန်းကလပ် ကိုင်ဆောင်ပေးသော မချမ်းချမ်းဝသန်၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မလှယမင်းအိမ်၊ သတို့သားအရံ မောင်ဟိန်းထက်ဇော်နှင့် မောင်ထူးအောင်ပိုင်၊ သတို့သမီးအရံ ဒေါက်တာခိုင်ဝတ်ရည်ကျော်၊ မအိရွှေရည်အောင်၊ မိတ်ကပ် ခင်စန်းဝင်းနှင့်အဖွဲ့၊ ပန်းအလှဆင်ပေးသော ကိုကောင်းထွန်း (သားသားနှင့်အဖွဲ့)၊ မေတ္တာဖြင့် ပန်းအလှဆင်ပေးသော အန့်တီဝင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင် ရိုက်ကူးပေးသော **Cupid** အဖွဲ့နှင့် **Dusit Inya Lake** မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ မင်္ဂလာပွဲအစမှအဆုံးတိုင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းကိုလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာကျော်ဇံဟိန်း-မသန့်သစ္စာ။

မင်္ဂလာဦးဆုတောင်း

ကိုကျော်ဇံနှင့် မသစ္စာတို့၏ ၂၅-၁၂-၂၀၀၈ရက်၌ Dusit Inya Lake တွင် ကျင်းပပြုလုပ်သော မင်္ဂလာရက်မြတ်မှသည် ကိုယ်စိတ်ကျန်းမာချမ်းသာစွာဖြင့် သက်ဆုံးတိုင် ချစ်မြတ်နိုးစွာ လက်တွဲလျှောက်လှမ်းနိုင်ပါစေ။

ဘိုးဘိုး-ဦးတင်၊ ဦးတင်မောင်၊
ဖေဖေ-ဦးကောင်းညွန့်၊ မေမေ-ဒေါ်ခင်ဝင်းမြင့်၊
ဖေဖေ-ဦးမောင်မောင်ချို၊ မေမေ-ဒေါ်အေးအေးသန်း။

ဦးလေးနှင့် အဒေါ်များ-

- **ဦးကျော်သိန်းထွန်း-ဒေါ်အေးအေးခိုင် (မိုးမောက်ပုံနှိပ်တိုက်)၊**
- **ဗိုလ်မှူးကြီးသန်းမြင့်-ဒေါ်နီနီစိုး၊**
- **ဒေါက်တာနိုင်စိုး (Chief of Staff Pretoria West Hospital South Africa)-ဒေါ်စန္ဒာတင်လေး၊**
- **ဒုတိယဗိုလ်မှူးကြီးဝင်းရွှေ-ဒေါ်အေးအေးနိုင်၊**
- **ဗိုလ်ကြီး စန်ထွန်းအောင်(ငြိမ်း)စက်ရုံမှူး(အထည်နှင့်ဆေးဆိုးပန်းရိုက်စက်ရုံ၊ ရမည်းသင်း)-ဒေါ်ငြိမ်းငြိမ်းအေး။**

မောင်နှမများ-

မောင်ဘုန်းနိုင်ဟန်-မအေးသီတာဆွေ၊ စိုင်းမြတ်သူလှိုင်-မစုရတနာကျော်၊ ဒေါက်တာခိုင်ဝတ်ရည်ကျော်၊ ဗိုလ်ကြီး ဟိန်းစိုးကျော်-မမီမီကျော်၊ ပြည့်ဖြိုး (Final Part-II,IM-1)၊ ကိုရဲ (3rd Yr.IM-1)၊ ကိုဝေ (2nd Yr. DSMA)၊ သီရိနိုင် (2nd Yr. B.Com Investment Management University of Pretoria)၊ အိစံ (1st Yr.Pharm)၊ မြတ်သူ၊ ကိုခန့် (G-9၊ အထက-၂၊ ဗဟန်း)၊ ပုတု (G-5၊ အမက(၉)၊ စန္ဒီ (G-2၊ Lynnwood ridge Primary School)၊

တူလေးများ-

တာရာ၊ သည်းလေးတုံ။

တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ တတိယလုပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၀၈ခုနှစ် (၄၇)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလားတပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတတိယလုပွဲကိုရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယနေ့ညနေပိုင်းတွင် ကျင်းပသည်။

တတိယလုပွဲတွင် တပ်မတော်(လေ) အသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ) အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဗိုလ်လုပွဲကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းနှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့သည် ဒီဇင်ဘာ ၃၁ရက်တွင် (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ပြိုင်ပွဲယှဉ်ပြိုင်မှုကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျွန်းလှ၌ ကျောက်ချောလမ်းခင်း

ကျွန်းလှ ဒီဇင်ဘာ ၃၀

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးအတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ သမန်းဆိပ်နှင့် အင်တိုင်းကျေးရွာ ဆက်သွယ်သည့်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း အပြီးသတ်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ထွန်းသန်းတို့ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဂျာဆန်လု၏ ပတ်စ်ပို့နံပါတ် **CI-49847** သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း-၅၃၇၅၀၀။**

မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးပြိုင်ပွဲ ပြန်လည်ကျင်းပ

Air Bagan F.C က ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်နိုင်

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်၊ စာမျက်နှာဖွဲ့စည်းမှု-ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၃၀

၂၀၀၈-၂၀၀၉ ဘောလုံးရာသီ မြန်မာလိဂ် (အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယမန်နေ့ညနေ ၃နာရီက အောင်ဆန်းကွင်းတွင် ပြန်လည်ပြုလုပ်ရာ Air Bagan F.C အသင်းက ကမ္ဘောဇအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပါတယ်။

Air Bagan F.C -တစ်ဂိုး
ကမ္ဘောဇအသင်း-ဂိုးမရှိ။

ပထမတန်းကနေ အဆင့်မြင့်တန်းကို ပထမဦးဆုံးအကြိမ်တက်ရောက်လာတဲ့ Air Bagan F.C အသင်းရဲ့ ကြိုးစားမှုနဲ့ စိတ်ဓာတ်ပိုင်းကတော့ ချီးကျူးစရာပဲဖြစ်ပါတယ်။ အမှတ်ပေးပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်မှာ အသင်းကြီးဖြစ်တဲ့ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်ကို ဦးဆောင်ဂိုးသွင်းပြီး သရေကစားနိုင်ခဲ့သလို အခုဒုတိယမြောက်ပွဲစဉ်မှာလည်း ထိပ်သီးအသင်းစာရင်းဝင်လာတဲ့ ကမ္ဘောဇအသင်းကို အနိုင်ယူကာ ခြေစွမ်းပြနေတာပဲဖြစ်ပါတယ်။ ခြေစွမ်းပြနေတဲ့ Air Bagan အသင်းကတော့ ပို့ဆောင်ရေး၊ဘဏ္ဍာ/အခွန်တို့နဲ့ပွဲတူ နှစ်ပွဲကစားအပြီး လေးမှတ်ရရှိကာ ဂိုးကွာခြားချက်နဲ့ တတိယနေရာကို ရောက်ရှိလာခဲ့ပါတယ်။

အရှုံးနဲ့စတင်

အခုနှစ်ရာသီရဲ့ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ်ဖလားကို ဆွတ်ခူးရရှိထားတဲ့ ကမ္ဘောဇအသင်းရဲ့ အမှတ်ပေးပြိုင်ပွဲအဖွင့်ရလဒ်ကတော့ အရှုံးနဲ့ စတင်ခဲ့ရပါတယ်။ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲတုန်းက ဘဏ္ဍာ/အခွန်ကို အနိုင်ရခဲ့တဲ့ ခြေစွမ်းမျိုးကမ္ဘောဇအသင်းမှာ မတွေ့ခဲ့ရသလို ဒီနေ့ပွဲမှာ ခြေစွမ်းပြနိုင်ခြင်းလည်း မရှိခဲ့ပါဘူး။ ကမ္ဘောဇအသင်းမှာ ဒဏ်ရာရနေတဲ့ နောက်ခံလူအေးဆန်းကလွဲလို့ ဟန်ဝင်းအောင်၊ ကျော်သီဟ၊ နေဝင်း၊ အောင်မိုး၊ စိုးမင်းဦးတို့အပြင် ဆောက်လုပ်ရေးအသင်းကနေ ပြောင်းရွှေ့ကြေးကျပ် သိန်း၅၀နဲ့ ခေါ်ယူထားတဲ့ မြန်မာ့လက်ရွေးစင် ဂိုးသမား ကျော်ဇင်ထက်တို့နဲ့ လူစုံပါဝင်ခဲ့ပေမယ့် အနိုင်ရဖို့ မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ Air Bagan အသင်းမှာတော့ လူငယ်လက်ရွေးစင်ဟောင်းများဖြစ်တဲ့ တင်ဝင်းအောင်၊ ဒေးဗစ်ဒန်း၊ ကျော်ဇေယျာဝင်းတို့ ပါဝင်ခဲ့ပြီး အဆင့်မြင့်တန်း အတွေ့အကြုံရှိတဲ့ ကစားသမားအချို့လည်း ပါဝင်ခဲ့ပါတယ်။

ခြိမ်းခြောက်နိုင်ခဲ့

Air Bagan အသင်းကတော့ ဘဏ္ဍာ/ အခွန်အသင်းနဲ့ ကစားခဲ့တုန်းကပွဲလိုပဲ ခံစစ်ကို လုံအောင်ပိတ်ပြီးမှ Counter နဲ့ တိုက်စစ်ဆင်ခဲ့ပါတယ်။ ကမ္ဘောဇအသင်းဟာ ဖိကစားနိုင်ခဲ့ပေမယ့် တောင်ပံနှစ်ဖက် အမှားများနေတာ၊ တိုက်စစ်ရောက်ရင် လူချင်းထပ်နေတာကြောင့် Air Bagan နောက်ခံလူတွေ အလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် Air Bagan နောက်ခံလူတွေရဲ့ လူကပ်ကစားတာ ပိုင်နိုင်မှုကြောင့်လည်း ကမ္ဘောဇတိုက်စစ်မှူးတွေ မလူးသာ၊ မလှုပ်သာ ဖြစ်ခဲ့ရပါတယ်။ ကမ္ဘောဇကို ကံညိုးသွားစေတာကတော့ ကစားသမားတွေ ခြေစွမ်းမပြနိုင်ခဲ့တာပါပဲ။ Air Bagan အသင်းကတော့ ကွင်းလယ်က တင်ဝင်းအောင်ရဲ့ ဘောလုံးအဖြစ်နဲ့ နိုင်ဦးလွင်၊ နိုင်နိုင်တို့ရဲ့ တိုးအားတွေနဲ့ ထိုးဖောက်ခဲ့ပြီး ကမ္ဘောဇဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့ပါတယ်။

အနိုင်ဂိုး

ဒုတိယပိုင်း ပြန်အစမှာတော့ Air Bagan အသင်းတစ်လုံးတည်းသောအနိုင်ဂိုး ရရှိခဲ့ပြီး တိုက်စစ်မှူးနိုင်ဦးလွင်က ကမ္ဘောဇနောက်ခံလူ ဟန်ဝင်းအောင်၊ ဉာဏ်လွင်တို့နဲ့ ယှဉ်ပြေးပြီး ကန်သွင်းသွားခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာ ကမ္ဘောဇအသင်းက ချေပဂိုးပြန်ရဖို့ ကြိုးစားခဲ့ပေမယ့် Air Bagan ရဲ့ခံစစ်ကစားပုံကို မကျော်နိုင်ခဲ့ပါဘူး။ ကမ္ဘောဇတို့ တိုက်စစ်အဓိက ပုံဖော်ကြပေမယ့် ကျော်သီဟ၊ အောင်မိုးနဲ့ စိုးမင်းဦးတို့ကို လှုပ်မရအောင် Air Bagan နောက်ခံလူတွေထိန်းချုပ်နိုင်ခဲ့လို့အနိုင်ရခဲ့တယ်ဆိုရင်မမှားပါဘူး။ ။

ဒီဇင်ဘာ ၃၀ ရက်ပွဲ

ဆောက်လုပ်ရေး ၁-၁မြို့တော်စည်ပင်။
(မြန်မာ့အလင်း)

ကာကွယ်

ကမ္ဘောဇအသင်းမှ အောင်ကျော်ဦး၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို Air Bagan ဂိုးသမား နိုင်ဇေယျာထွန်း ကာကွယ်စဉ်။ (မြန်မာ့အလင်း)

ကမ္ဘာတစ်လွှားအားကစား
ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

အင်တာမီလန်အသင်း ကမ္ဘာ့အကောင်းဆုံးဖြစ်ရမည်

မီလန် ဒီဇင်ဘာ ၃၀

မိမိ၏ အင်တာမီလန်အသင်းသည် ၂၀၀၄-၂၀၀၅ခုနှစ်က မိမိနည်းပြအဖြစ် တာဝန်ယူခဲ့သော ချယ်လ်ဆီးအသင်းကဲ့သို့ အောင်ပွဲများသာ ထုတ်လုပ်ပေးနေသည့် စက်တစ်လုံးကဲ့သို့ ဖြစ်နေပြီဖြစ်ကြောင်း နည်းပြမော်ရင်ဟိုက(ဝဲပုံ)ဒီဇင်ဘာ ၂၉ရက်၌ ထုတ်ဖော်ပြောကြား လိုက်သည်။

အင်တာမီလန်အသင်းသည် မိမိလက်ထက်၌ ကမ္ဘာ့အကောင်းဆုံး ကလပ်အသင်းအဖြစ် ရောက်ရှိစေရမည်ဖြစ်ကြောင်း၊ အင်တာမီလန်ကလပ်၌ နည်းပြလုပ်နေရသည်မှာ စိတ်ပျော်ရွှင်နေပြီဖြစ်ကြောင်း မော်ရင်ဟိုက ဆက်လက်ပြောကြားသည်။ အင်တာမီလန်အသင်းသည် ချန်ပီယံလိဂ် ၁၆သင်းအဆင့် ရှုံးထွက်ပွဲစဉ်၌ လက်ရှိချန်ပီယံမန်ယူအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ယင်းပွဲ၌ အင်တာမီလန်အသင်း၏ခြေစွမ်းကို မြင်တွေ့ရမည်ဟု မော်ရင်ဟိုက ပြောကြားသည်။ (အင်တာနက်)



ရေကူးစံချိန်သစ်များတင်မည့် မိုက်ကယ်ဖီးလ်

ဝါရှင်တန် ဒီဇင်ဘာ ၃၀

၂၀၀၈ခုနှစ် အိုလံပစ်ရွှေတံဆိပ်ဆုရှင် အမေရိကန် ရေကူးကစားသမား မိုက်ကယ်ဖီးလ်သည် နိုင်ငံတကာပြိုင်ပွဲများ ဆင်နွှဲရန် လေ့ကျင့်မှုများ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။

အသက် ၂၃နှစ်အရွယ်ရှိ မိုက်ကယ်ဖီးလ်သည် အမေရိကန်တွင်လာမည့် ဇူလိုင်ပထမပတ်၌ကျင်းပမည့် အမေရိကန် အမျိုးသားရေကူးပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည် ဖြစ်သည်။ ထို့အတူ ၂၀၀၉ခုနှစ်တွင်ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ် ရေကူးပြိုင်ပွဲများ၌ ကမ္ဘာ့စံချိန်သစ်များ ဆက်လက်တင်သွားမည်ဖြစ်ကြောင်း မိုက်ကယ်ဖီးလ်က ပြောကြားသည်။

(အင်တာနက်)

အင်တာနက်သတင်းအတိုအထွာ

- ၂၀၁၄ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဘရာဇီးနိုင်ငံအနေဖြင့် မြို့ကြီး ၁၂မြို့တွင် တစ်ပြိုင်နက်တည်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းမြို့များမှာ ဘရာဆီးလီးယား၊ ဆော်ပေါလို၊ ရီယိုဒီဂျနေးရိုး၊ ဘီလိုဟိုရီဇွန်တီနှင့် ပေါတိုအလက်ရီမြို့များ ပါဝင်မည်ဖြစ်ကြောင်း ဘရာဇီးဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်သည်။
- မိမိအနေဖြင့် ယခင်က ကစားခဲ့သော အင်အားသုံးတိုးဖောက်ကစားနည်းကို ပြောင်းလဲပြီး အတတ်နိုင်ဆုံးစိတ်ထိန်းချုပ်ကာ သန့်ရှင်းစွာ ကစားသွားမည်ဖြစ်ကြောင်း အိုင်ဗရီကိုစ့်နှင့် ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဂဘာက ထုတ်ဖော်ပြောကြားသည်။ ထို့အတူ မိမိဂိုးသွင်းယူနိုင်ရေးထက် မိမိ၏ကစားဖော်များ ဂိုးသွင်းယူနိုင်ရေးကိုပါ ဦးစားပေးကစားသွားရန်လည်း ဆုံးဖြတ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။
- နယူးကာဆယ်အသင်းသည် ရလဒ်များ ဆိုးရွားနေလင့်ကစား အသင်းကို ရောင်းချမည်မဟုတ်ကြောင်း အသင်းပိုင်ရှင် မိုက်အက်ရှ်လေက ပြောကြားလိုက်သည်။ မိမိအနေဖြင့် ပြီးခဲ့သည့် စက်တင်ဘာက အသင်းရောင်းချရန် စိတ်ကူးခဲ့သော်လည်း ယခုအခါ ရောင်းချတော့မည်မဟုတ်ကြောင်း၊ ရေရှည်စီမံကိန်းတစ်ရပ်ချမှတ်ပြီး အသင်းကို ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။
- ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ်က စာရင်းထုတ်ပြန်ချက်အရ ကမ္ဘာ့နံပါတ်တစ် တင်းနစ်သမားအဖြစ် ရာဖေးလ်နာဒယ်၊ ဒုတိယနေရာ၌ ဖက်ဒဲယား၊ တတိယနေရာတွင် ဒီဂျိုကိုဗစ်တို့ အသီးသီးရပ်တည်လျက်ရှိသည်။ ထို့အတူ ကမ္ဘာ့အကောင်းဆုံး အမျိုးသမီး တင်းနစ်အားကစားမယ်များအဖြစ် နံပါတ်တစ်နေရာ၌ ဂျန်ကိုဗစ်၊ ဒုတိယ ဆီရီနာဝီလျံနှင့်တတိယအဖြစ် ဆာဖီနာတို့ဖြစ်ကြောင်း သိရသည်။

ပရီမီယာလိဂ်ကိုပြန်လာမည့် နည်းပြပေါလ်ဂျူဝဲလ်

မောင်မောင်မြင့်ဆွေ ရေးသားတင်ပြ၍ ❖ ဉာဏ်ဟိန်းစိုး စာမျက်နှာဖွဲ့စည်းသည်

လန်ဒန် ဒီဇင်ဘာ ၃၀

ပြီးခဲ့တဲ့ ဘောလုံးရာသီက ပရီမီယာလိဂ်ကနေ တန်းဆင်းခဲ့ရတဲ့ ဒါဘီအသင်းဟာ ဒီနှစ်မှာလည်း တန်းပြန်တက်နိုင်မယ့် အနေအထားမရှိတဲ့အပြင် ပြီးခဲ့တဲ့ဒီဇင်ဘာ ၂၈ရက်က အင်္ဂလိပ်ချန်ပီယံရှစ် ပွဲစဉ်၂၆မှာ အိစ်ဆွစ်တောင်းအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့လို့ ဒါဘီနည်းပြပေါလ်ဂျူဝဲလ်ဟာ ဒီဇင်ဘာ၂၉ရက်မှာ နည်းပြအဖြစ်မှ နုတ်ထွက်သွားခဲ့ပြီ ဖြစ်ပါတယ်။

ပရီမီယာလိဂ် ဝီဂန်အသင်းနည်းပြဟောင်းဖြစ်တဲ့ ပေါလ်ဂျူဝဲလ်ဟာ ဒါဘီအသင်းနည်းပြအဖြစ် ၁၃လပဲ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် အခုလို ဒါဘီအသင်းရလဒ်မကောင်းတာဟာ သူ့တာဝန်ဖြစ်တယ်ဆိုပြီး နုတ်ထွက်သွားခဲ့တာဖြစ်ပါတယ်။

တာဝန်ယူခဲ့

အသက် ၄၄နှစ်သာရှိသေးတဲ့ ပေါလ်ဂျူဝဲလ်ကို ပရီမီယာလိဂ်အသင်းတွေနဲ့ စပိန်လာလီဂါအသင်းအချို့ကပါ စိတ်ဝင်စား နေကြပါတယ်။ တကယ်တော့ ပေါလ်ဂျူဝဲလ်ဟာ ပြီးခဲ့တဲ့၂၀၀၇ခုနှစ် နိုဝင်ဘာမှာ ဒါဘီအသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပါတယ်။

ဒါဘီအသင်းမှ နုတ်ထွက်ခဲ့သည့် နည်းပြ ပေါလ်ဂျူဝဲလ်။

ဒီနှစ် ကာလင်းဖလားပြိုင်ပွဲမှာ ဒါဘီအသင်းကို အကြိုဗိုလ်လုပွဲရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့ပြီး အကြိုဗိုလ်လုပွဲမှာ ထိပ်သီးမန်ယူနဲ့ ကစားရမယ့်ပွဲကို လက်လွှတ်ခဲ့ရပြီဖြစ်ပါတယ်။

အခုတော့ အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲရဲ့ ပွဲစဉ်ပေါင်း ၂၆ပွဲ ကစားပြီးချိန်မှာ ခုနစ်ပွဲနိုင်၊ ရှစ်ပွဲသရေ၊ ၁၁ ပွဲရှုံးပြီး တန်းစီဇယားမှာ အဆင့် ၁၈အထိကျဆင်းနေတာမို့ နည်းပြပေါလ်ဂျူဝဲလ် ဖိအားတွေနဲ့ ကြုံတွေ့နေရတာကြောင့် ရာသီမကုန်ခင်မှာပဲ နုတ်ထွက်သွားခဲ့ခြင်း ဖြစ်ပါတယ်။

ပြောကြား

နည်းပြပေါလ်ဂျူဝဲလ် နုတ်ထွက်သွားတာနဲ့ပတ်သက်ပြီး ဒါဘီအသင်းပိုင်ရှင်အဒမ်ပီရာဆင်က **“မိမိတို့အနေနဲ့ ပေါလ်ဂျူဝဲလ်ကို တစ်စုံတစ်ရာဖိအားပေးမှု မရှိခဲ့ကြောင်း၊ အသင်းရလဒ်တွေအပေါ် စိတ်ပျက်ခဲ့ပြီး သူ့မှာတာဝန်ရှိတယ်ယူဆကာ နုတ်ထွက်သွားခြင်းသာဖြစ်ကြောင်း”** ပြောကြားနေပါတယ်။

ဒါ့အပြင် **“ပေါလ်ဂျူဝဲလ်နည်းပြအဖြစ်က မနုတ်ထွက်မီ မိမိထံလာကြောင်း၊ ဒါဘီအသင်း ရလဒ်ကောင်းအောင်သူစွမ်းဆောင်ဖို့ အခက်အခဲရှိကြောင်း၊ သူ့အနေနဲ့ နည်းပြတစ်ဦးရဲ့ တာဝန်မကျေပွန်ဟုခံစားရကြောင်း”** တွေပြောပြီး နုတ်ထွက်တော့မယ်ဆိုခဲ့ခြင်း ဖြစ်ပါတယ်လို့လည်း ဒါဘီအသင်းပိုင်ရှင် အဒမ်ပီရာဆင်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ပေါလ်ဂျူဝဲလ်ဟာ လောလောဆယ် အချိန်မှာတော့ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်နေတာမို့ ဘယ်ဘောလုံးအသင်းနဲ့မှ အဆက်အသွယ်ပြုလုပ်မှာမဟုတ်ဘဲ အနားယူမယ်လို့ ဆိုနေပါတယ်။ အနည်းဆုံးခြောက်လလောက် အနားယူပြီးမှ နည်းပြပြန်လုပ်ဖို့ စဉ်းစားမှာ ဖြစ်တယ်လို့ လန်ဒန်မြို့မှ သတင်းထောက်တွေကို ထုတ်ဖော်ပြောကြားသွားပါတယ်။

အသိအမှတ်ပြု

ဒါပေမယ့် လက်ရှိနည်းပြတွေအပေါ် စိတ်ပျက်နေတဲ့ ပရီမီယာလိဂ်ကလပ်အချို့က ပိုင်ရှင်တွေအနေနဲ့ ပေါလ်ဂျူဝဲလ်နဲ့ တွေ့ဆုံဆွေးနွေးဖို့ စီစဉ်နေကြတယ်လို့ သတင်းတွေ ထွက်ပေါ်လာပါတယ်။ ပေါလ်ဂျူဝဲလ်ဟာ ပရီမီယာလိဂ်မှာ အရည်အချင်းရှိတဲ့ နည်းပြတစ်ဦးအဖြစ် အသိအမှတ်ပြုခံထားရသူတစ်ဦး ဖြစ်ပါတယ်။

စောင့်ကြည့်

ဒါကြောင့် နည်းပြအပြောင်းအလဲ လုပ်ဖို့ကြိုးစားနေတဲ့ ကလပ်ပိုင်ရှင် အချို့ကတော့ ပေါလ်ဂျူဝဲလ်ရဲ့ အေးဂျင့်က တစ်ဆင့် တွေ့ဆုံဆွေးနွေးဖို့ စကားတွေကမ်းလှမ်းနေတယ်လို့ ဆိုပါတယ်။ ပေါလ်ဂျူဝဲလ်အနေနဲ့က လက်ရှိအချိန်မှာ နည်းပြတာဝန်တွေ မယူလိုသေးဘူးလို့ဆိုပေမယ့် အခြေအနေအရပ်ရပ်ဟာ ပြောင်းလဲနေတာမို့ ဘယ်လိုပရီမီယာလိဂ်ကလပ်အသင်းမှာ နည်းပြအဖြစ် ပေါလ်ဂျူဝဲလ် ပြန်ပေါ်လာမလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

လက်ရှိလီဗာပူးအသင်း အကောင်းဆုံးဖြစ်ကြောင်း စတီဗင်ဂျရတ် ပြောကြား

လန်ဒန် ဒီဇင်ဘာ ၃၀

လီဗာပူးအသင်းတွင် ကစားခဲ့သည့်ကာလတစ်လျှောက်တွင် လက်ရှိအသင်းသည် အကောင်းဆုံးဖြစ်ပြီး ပရီမီယာလိဂ်သရဖူရယူရန် လမ်းကြောင်းပေါ်သို့ ချီတက်နိုင်ပြီဟုယုံကြည်ကြောင်း လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ်က ပြောကြားခဲ့သည်။

ရည်ရွယ်ထား

လီဗာပူးအသင်းသည် ဒီဇင်ဘာ ၂၈ရက်က နယူးကာဆယ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး ဇယားထိပ်တွင် ဦးဆောင်ကာ ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းအား သုံးမှတ်ဖြတ်ထားနိုင်ပြီး ၂၀၀၉ခုနှစ်အတွင်းသို့ ထိပ်ဆုံးမှပန်းဝင်နိုင်ခဲ့ကာ ၁၉၉၀ပြည့်နှစ်ကတည်းက ပထမဆုံးအကြိမ်အဖြစ် ပရီမီယာလိဂ် သရဖူရယူရန်ရည်ရွယ်ထားကြောင်း သတင်း၌ ဖော်ပြသည်။

ပြောကြား

မိမိတို့အသင်းတွင် ဝါရင့်သမ္ဘာရင့် ကစားသမားများစွာရှိကြောင်း၊ မိမိတို့အနေဖြင့် သရဖူရယူရန်စမ်းသပ်မှုအများအပြားကို ကြုံတွေ့ရမည်ဖြစ်ပြီး စိန်ခေါ်မှု မြောက်မြားစွာကိုလည်း ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့အသင်းသည် နယူးကာဆယ်နှင့် ယှဉ်ပြိုင်စဉ်က ခြေစွမ်းကို ဆက်လက်ထိန်းသိမ်းထားပါက ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့်ပရီမီယာလိဂ်ဖလားကို ရရှိမည်ဖြစ်ကြောင်း ဂျရတ်ကပြောကြားသည်။

(အင်တာနက်)

ကွင်းလယ်ဒိုင်၏ မှားယွင်းမှု စပါးအား ထိခိုက်နစ်နာစေခဲ့ဟု ရက်နက်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၃၀

စပါးအသင်းက ဝက်စ်ဘရွန်းအသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် ပရီမီယာလိဂ် ဘောလုံးပွဲစဉ်တွင် ကွင်းလယ်ဒိုင်လူကြီး စတိဗ်တန်နာသည် ဆုံးဖြတ်မှုမှားယွင်းသည့်အတွက် စပါးအသင်းအား နစ်နာစေခဲ့ကြောင်း စပါးနည်းပြ ဟာရီရက်နက်က ထုတ်ဖော်ပြောကြားခဲ့သည်။

မပေးသင့်

ရက်နက်သည် စပါးအသင်း၏ ခံစစ်မှူး ဘီနွိုက်အက်ဆိုအီကော့တို့အား ပြိုင်ပွဲမှထုတ်ပယ်ခဲ့ခြင်းကို စောဒကတက်ခြင်းမရှိခဲ့သော်လည်း ဝက်စ်ဘရွန်းအား စပါးအသင်းက ပေးလိုက်ရသော ပထမဂိုးမှာ မပေးသင့်သောဂိုးဖြစ်ကြောင်း ယုံကြည်သည်ဟု ဆိုသည်။

စိတ်ထိခိုက်

အထူးသဖြင့် ဝက်စ်ဘရွန်းအသင်းမှ မိုက်ကယ်ဒေါ်ဆန်က ၎င်း၏နောက်ရှိ စပါးမှ ရိုမန်ဘက်ဒ်နာ၏ တွန်းထိုးမှုကို ခံရသည်ဟု စောဒကတက်ခဲ့ပြီးနောက် တန်နာက ဝက်စ်ဘရွန်းအသင်းအား အဖွင့်ဂိုးကို သွင်းယူစေခဲ့ခြင်းကို ရက်နက်အနေဖြင့် စိတ်ထိခိုက်မိခဲ့ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

ဖူလာ၏ အပြုအမူကို အရေးယူမည် စတုတ်နည်းပြ တိုနီပူလစ်ပြောကြား

လန်ဒန် ဒီဇင်ဘာ ၃၀

စတုတ်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ပွဲစဉ်တွင် စတုတ်တိုက်စစ်မှူး ရီကာဒိုဖူလာက ကစားဖော်အန်ဒီဂရစ်ဖင်အား ရိုက်နှက်မှုဖြစ်ပွားခဲ့ပြီးနောက် ယင်းကိစ္စကို ကိုင်တွယ်ဖြေရှင်းမည်ဖြစ်ကြောင်း စတုတ်နည်းပြ တိုနီဖူလစ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုးကြိတ်ခဲ့

ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ရက်က ဝက်စ်ဟမ်းအသင်းက စတုတ်အသင်းဘက်သို့ ချေပဂိုးသွင်းယူပြီး မကြာမီ စတုတ်အသင်းခေါင်းဆောင် အန်ဒီဂရစ်ဖင်အား တိုက်စစ်မှူးဖူလာက ထိုးကြိတ်ခဲ့သည်။

အရေးယူမည်

ဖူလာသည် မိမိတို့အသင်း ပေးလိုက်ရသည့်ဂိုးအတွက် စိတ်ထိခိုက်ကာ စိတ်လွှတ်လက်လွှတ်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း ၎င်း၏ အပြုအမူသည် သေးနုပ်သိမ်ဖျင်းသည့်အတွက် အရေးယူရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အရေးမယူသော်လည်း ဘောလုံးအသင်းအနေဖြင့် အရေးယူရမည်ဖြစ်ကြောင်း နည်းပြတိုနီဖူလစ်က ဆိုသည်။ (အင်တာနက်)

စိတ်ဓာတ်ကိုပြုပြင်ပြောင်းလဲသွားမည်မဟုတ် မန်ယူတိုက်စစ်မှူးရွန်နေပြောကြား

လန်ဒန် ဒီဇင်ဘာ ၃၀

မန်ယူတိုက်စစ်မှူးဝိန်းရွန်နေက ဘောလုံးယှဉ်ပြိုင်ကစားရာတွင် ၎င်း၏ရန်လိုသောကစားဟန်ကို ထိန်းသိမ်းကာကွယ် ပြောကြားပြီး ၎င်း၏ကစားသမားဘဝ သက်တမ်းတစ်လျှောက်လုံးတွင်လည်း ရန်လိုစိတ်သည် ဆက်ရှိနေမည်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။

မိမိ၏ ရန်လိုဒေါသဖြစ်မှုသည် ပြဿနာတစ်ရပ်ဟု ထင်မှတ်ယူဆထားခြင်းမရှိကြောင်း၊ ပြိုင်ပွဲများ ယှဉ်ပြိုင်စဉ်အတွင်း မိမိအနေဖြင့် ရန်စမှုများခံခဲ့ရကြောင်း၊ သို့သော်လည်း ကွင်းအတွင်းနှင့် ကွင်းအပြင်မှာပါ မိမိကိုယ်ကိုထိန်းသိမ်းကာ သည်းခံစိတ် မွေးနိုင်ခဲ့သည့် အချိန်များလည်း ရှိခဲ့ကြောင်း၊ မိမိသည် ကျန်းမာကြံ့ခိုင် စွမ်းအင်ပြည့်ဝပြီး ဒေါသကြီးသူဖြစ်ကာ ယခင်က ထိုဒေါသစိတ်ကို မည်သည့်အခါကမျှ ထိန်းချုပ်ခြင်း မရှိခဲ့ကြောင်း၊ မိမိသည် ထိုကဲ့သို့သော လူစားမျိုးဖြစ်ကြောင်း၊ ထိုစိတ်ဓာတ်ကို မပြောင်းလဲနိုင်သကဲ့သို့ ပြောင်းလဲလိုစိတ်လည်း မရှိကြောင်း ရွန်နေက ပြောကြားခဲ့သည်။

အင်္ဂလန်တိုက်စစ်မှူးရွန်နေသည် သူ၏ ကစားသမား ဘဝ တစ်လျှောက်တွင် တစ်ခါတစ်ရံ ကွင်းလယ်ဒိုင်လူကြီးများ၏ ပြစ်ဒဏ်ပေးခြင်းကို ခံရလေ့ရှိပြီး စည်းကမ်းချိုးဖောက်မှုကြောင့် အနီကတ်လေးကြိမ် အပြခံခဲ့ရဖူးသည်။ **(အင်တာနက်)**

မန္တလေးမြို့ အဆင့်မြင့်ရတနာပုံဈေးကြီးတည်ဆောက်ရေး ဆောင်ရွက် လမ်း၃၀ကို ၅၃လမ်းမှ ၅၈လမ်းအတွင်း အခြေခံကျောက်လွှာခင်း

မန္တလေး ဒီဇင်ဘာ ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဒီဇင်ဘာ ၄ရက် နံနက် ၁၀နာရီခွဲက ၇၇လမ်းနှင့်၇၈လမ်းကြား၊ ၃၃လမ်းနှင့် ၃၄လမ်းကြားအတွင်းရှိ ရတနာပုံ စူပါစင်တာ ဆောက်လုပ်ရေးအတွက် အောက်ခြေလုပ်ငန်း ဆောင်ရွက်နေမှု လုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ရတနာပုံစူပါစင်တာ ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အောက်ခြေလုပ်ငန်း ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ တာဝန်ယူ တည်ဆောက်လျက်ရှိသော M.G.W Construction Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာက တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် မြို့တော်ဝန်က မန္တလေးမြို့ အဆင့်မြင့်ရတနာပုံဈေးကြီး တည်ဆောက်ရေးလုပ်ငန်းများကို M.G.W Construction Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာနှင့် အင်ဂျင်နီယာများအား မှာကြားပြီး လုပ်ငန်းခွင်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြုပြင်ဆောင်ရွက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လမ်း၃၀ကို ၅၃လမ်းမှ ၅၈လမ်းအတွင်း အခြေခံကျောက်လွှာနှင့် လမ်းခင်းနေမှု၊ မန္တလေး-ပြင်ဦးလွင်လမ်း၌ ၃၅လမ်းမှ ၂၆လမ်းကြား တိုးချဲ့ဖောက်လုပ်နေမှု၊ မန္တလေး-ပြင်ဦးလွင်လမ်းတွင် အောင်ပင်လယ်မှ သိပ္ပံလမ်းအထိ ကတ္တရာဖာထေး ပြုပြင်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(၁၁၃)**



မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဧည့်မထလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန်အတွက် ကျောက်များစုဆောင်းထားရှိမှုကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးလူတို့ နိုဝင်ဘာ ၁၃ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် အမှတ်(၅)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်သောင်းတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဖန်းကိုင်း-လုံရုံးလမ်း ကျောက်ချောခင်း

နောင်ချို ဒီဇင်ဘာ ၂၈

နောင်ချိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် သဖန်းကိုင်း-လုံရုံးလမ်း ကျောက်ချောခင်းခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်ဖိုလ်ဖိုလ် လုပ်ငန်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးသည်။

အဆိုပါလမ်းမှာ အရှည် ၂၀၂၅ပေ၊ အကျယ် ၁၀ပေရှိပြီး ခွင့်ပြုရန်ပုံငွေကျပ် ၆၇၆၀၀၀၀ ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လေဘေးသင့်ဒဏ် ခံစားရသော ထရော်ညောင်ပိုင်းနှင့် ထရော်ပေကုန်း ကျေးရွာများတွင် သောက်သုံးရေကန် အဆင့်မြှင့်၍ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို နိုဝင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး ကွင်းဆင်း ကြီးကြပ်ရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ (၂) ဦးလှမျိုးဇော်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းပဒေသာ

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြုကြိုဆို (၉၁)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၃၀

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်ကြပ်ကြီး/စာရေး စောဝင်း (ကျွန်းလှ) (လူမှုထူးချွန် ပထမဆင့်) ခန္ဓာကိုယ်နှင့် မျက်ကြည်လွှာအလှူရှင်**(ဝဲပုံ)**သည် မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်ခွဲတွင် ဒီဇင်ဘာ ၁၅ရက်က ဇီဝိတဒါနအဖြစ် (၉၁)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လောင်းလုံးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော ပန်းတောဝတံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို အမှုဆောင်အရာရှိ ဦးတင်အုံး ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးမိုးဇော်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးဟောပြောပွဲနှင့် စာအုပ်များလှူဒါန်းပွဲ ခင်ဦးတွင် ကျင်းပ

ခင်ဦး ဒီဇင်ဘာ ၂၄

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းသည် ရွှေဘိုခရိုင်ဦးစီးအရာရှိ ဦးညိုဝင်း လိုက်ပါလျက် နိုဝင်ဘာ၂၀ရက်က ခင်ဦးမြို့နယ် မကျီးအုပ်အုပ်စု သရက်ပင်စုရွာ ပညာဘဏ်တိုက်စာကြည့်တိုက်၌ နိုဝင်ဘာ ၂၀ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် လက်ပန်လှကျေးရွာ ရူပစာကြည့်တိုက်၌လည်းကောင်း၊ ညနေပိုင်းတွင် ကျီးကန်ကျေးရွာ အမြင်သစ် စာကြည့်တိုက်၌လည်းကောင်း ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဆွေးနွေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဌေး၊ မြို့နယ်တရားသူကြီး ဦးခင်မောင်စီ၊ မြို့နယ်ဥပဒေအရာရှိ ဦးတင်စိန်၊ ကျေးရွာအုပ်စု တာဝန်ခံများ၊ သက်ဆိုင်ရာကျေးရွာအုပ်စုများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ခဲ့ကြပြီး စေတနာရှင်များက စာအုပ်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

နေပြည်တော်ပျဉ်းမနား စာပေနှင့်စာနယ်ဇင်းသို့ အလှူငွေများလှူဒါန်း

နေပြည်တော်ပျဉ်းမနား ဒီဇင်ဘာ ၂၀

နေပြည်တော်ပျဉ်းမနား စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီက အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁၃ရက် နံနက် ၁၀နာရီက နေပြည်တော်ပျဉ်းမနား ပေါင်းလောင်း(၂) ယုဇနလမ်းနေအိမ်၌ ကျင်းပသည်။

အခမ်းအနားတွင် စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီ ဦးစိုးတင့်ကိုယ်စား မန်နေဂျာဒေါ်ခင်နှင်းဖြူနှင့် ဝန်ထမ်းများက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်(စံကောင်း)ထံ အလှူငွေကျပ်ငါးသိန်းပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

လှူဒါန်း

ယခင်ကလည်း စိုးလျှပ်စစ်နှင့် စက်ကိရိယာကုမ္ပဏီက မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ အလှူငွေကျပ်သိန်း ၅၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၀၈၄)**

ညောင်တုန်းမြို့နယ် ပညာရေးမှူးဒိုင်း အခြေခံကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်

ညောင်တုန်း ဒီဇင်ဘာ ၂၇

ညောင်တုန်းမြို့နယ် ပညာရေးမှူးဒိုင်း အခြေခံပညာကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ညောင်တုန်းမြို့ အထက(၁) အားကစားကွင်း၌ ဒီဇင်ဘာ ၁၉ရက်က ကျင်းပရာ ညောင်တုန်းမြို့နယ်အတွင်းရှိ ပညာရေးနယ်မြေအသီးသီးမှ ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများကျင်းပ

ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အာလူးကောက်ပြေးပွဲ၊ မုန့်စားပြေးပွဲ၊ လက်ဆင့်ကမ်းပြေးပွဲ၊ မီတာ ၁၀၀မှ ၈၀၀ အထိ ပြေးပွဲများ၊ အလျားခုန်၊ အမြင့်ခုန် ပြိုင်ပွဲများ အပါအဝင် ပြေးခုန်ပစ် အားကစားပြိုင်ပွဲ အမျိုးမျိုးကို ကျင်းပခဲ့သည်။

ဆုများပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် မြို့နယ်ပညာရေးမှူးဒေါ်စန်းဌေး**(ယာပုံ)**၊ အထက(၁) ကျောင်းအုပ်ဆရာမကြီးဒေါ်စံဝင်းဖြူ၊ အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်သန်း၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိန်ကြည်ဦးနှင့် တာဝန်ရှိသူများက အနိုင်ရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ကျားတံခွန်စိုက်ဆုကို နယ်မြေ(၄)က လည်းကောင်း၊ မတံခွန်စိုက်ဆုကို နယ်မြေ (၈)နှင့် (၁၁)တို့ကလည်းကောင်း၊ ကျား/မ တံခွန်စိုက်ဒိုင်းဆုကြီးကို နယ်မြေ(၄)က အမှတ်အများဆုံးဖြင့် ရရှိသွားပြီး တံခွန်စိုက်ဒိုင်းဆုများကို မကြာမီ ကျင်းပမည့် မြို့နယ်စုံညီပွဲတော်၌ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(၁၅၂)

ဈေးသန့်ရှင်းရေး ဖလမ်းမြို့၌ ဆောင်ရွက်

ဖလမ်း ဒီဇင်ဘာ ၂၈

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်မှုနှင့် အသားအရောင်းဆိုင်များ ယင်လုံဆန်ခါတပ်ဆင်မှုများကို အမှုဆောင်အရာရှိ ဦးထလာဟရဲနှင့် ဝန်ထမ်းများက ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၁၃ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော ကလွင်-တောင်ပြို-ကရုက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၁ရက်က မြို့နယ်ဥက္ကဋ္ဌဦးကျော်ရွှေ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဟန်နိုင်ထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့နယ်စည်ပင်သာယာ ကုန်သည်လမ်း ကတ္တရာခင်း

ဒိုက်ဦး ဒီဇင်ဘာ ၂၂

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်(မြို့ပြ) ငွေလုံးငွေရင်းလုပ်ငန်းမှ ကုန်သည်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း အရှည်ပေ ၁၇၂၀၊ အကျယ် ၁၂ပေကို နိုဝင်ဘာ ၂၆ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထက်အောင်ခန့်တို့က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကရင်ပြည်နယ် ဖာပွန်မြို့ မြို့အဝင်ဆိုင်းဘုတ် သာယာလှပရေးဆောင်ရွက်မှုကို ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်းကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်အမှုဆောင်အရာရှိ ဒေါ်ထိုက်ယဉ်ဝင်း ရှင်းလင်းတင်ပြစဉ်။ (ပြည်နယ်စည်ပင်)

ပန်းအလှပင်များ ဖြတ်ညှိပြုပြင်

ဖားကန့် ဒီဇင်ဘာ ၂၀

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးဝန်းကျင်တွင် စိုက်ပျိုးထားသော ပန်းအလှပင်များအား ဖြတ်ညှိပြုပြင်ခြင်းလုပ်ငန်းကို နိုဝင်ဘာ၁၉ရက်က ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသိန်းထွန်းဦးကြီးကြပ်၍ရုံးပင်ကန်၊ပေါက်ကျင်းနှင့် တောင်စဉ်ကျေးရွာရှိ နှစ်လက်မစက်ရေတွင်းများကို တွင်းဆေး၊ တွင်းမှုတ်ခြင်း၊ အင်ဂျင်နှင့်ပန့်ပြုပြင်ခြင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မှုခင်းသတင်း မိတ္ထီလာမြို့နယ်တွင် ဆိုင်ကယ်နှစ်စီးတိုက်မိ

မိတ္ထီလာ ဒီဇင်ဘာ ၂၁

မိတ္ထီလာမြို့ ရန်ကုန်-မန္တလေးကားလမ်း ကန်တောင်ကျေးရွာအနီး မိုင်တိုင်အမှတ် ၃၃၁/၄ အနီးတွင် ဒီဇင်ဘာ ၄ရက် ညနေက မိတ္ထီလာမြို့နေ အေးမင်းအောင်သည် မြောက်မှတောင်သို့ ဆိုင်ကယ်အမှတ် မတလ/၆၄၂၅၉ လော့ဂျာ အနက်ရောင်အားစီးလာစဉ် အနောက်မှအရှေ့သို့ ကန်တောင်ရွာနေ မမြမြမွှေးစီးလာသည့် မတလ/၈၉၆၅၅ အမ်ဘိုအစိမ်းပုပ်ရောင် ဆိုင်ကယ်က လမ်းဖြတ်ကူးရာမှ ဝင်ရောက်တိုက်မိရာ အေးမင်းအောင်တွင် ယာမျက်ခုံးကွဲ၊ နှာခေါင်းသွေးထွက်၊ယာဘက်ပွန်းပဲ့သွားပြီး မမြမြမွှေးမှာ ဝဲဘက်ချိုစောင်း ဖူးရောင်၊ ဝဲမျက်ခုံးပွန်းပဲ့၊ ဝဲမျက်လုံးပွန်းပဲ့၊ အပေါ်နှုတ်ခမ်းဖူးရောင် ဒဏ်ရာများရရှိခဲ့သည်။

တင်ပို့

ယာဉ်တိုက်မှုကို အမှတ်(၁)ရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ခင်မောင်စိုးက တရားလိုပြုလုပ်၍ ဆိုင်ကယ် မဆင်မခြင်စီးသူ အေးမင်းအောင်နှင့် မြမြမွှေးတို့အား ရဲစခန်း(ပ)၄၀၇/၂၀၀၈၊ ပုဒ်မ ၃၃၇/ ၃၃၈ဖြင့် အမှုဖွင့် အရေးယူထားသည်။ မြမြမွှေးမှာ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေး ဆေးရုံသို့ တင်ပို့ခဲ့ရကြောင်း သိရသည်။

(ဝ၈၆)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၃)တွင် ကျောက်ချောခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးရာလုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ချက်မြင့်မားရေး သီပေါမြို့နယ်၌ စာသင်ဝိုင်းဖွင့်

သီပေါ ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပညာရေးဌာနတို့ ကြီးမှူးဖွင့်လှစ်သော ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (ပြင်ပဖြေ) အောင်ချက်မြင့်မားရေး အထောက်အကူပြု စာသင်ဝိုင်းဖွင့်ပွဲကို နိုဝင်ဘာ၂၇ရက် ညနေဖနောရီက အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ သီပေါမြို့နယ် ဥက္ကဋ္ဌ ဦးခင်ကြည်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသန်းဆွေက အထောက်အကူပြု ညစာသင်ဝိုင်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကျင်မြက ကျောင်းသားများအတွက် ကူညီပံ့ပိုးပေးမည့် စာအုပ်၊ စာရေးကိရိယာများ လှူဒါန်းမှုကိုလည်းကောင်း ရှင်းလင်း ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၂၉ရက်က ကျောက်ကလပ်ကျေးရွာ၌ လူနေအိမ်များ အကွက်ချ တည်ဆောက်ထားမှုကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကြိုဆို

- ➢ ၂၀၀၈ခုနှစ်အတွင်း နိုင်ငံ တစ်ဝန်း ကျန်းမာရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှုမြင်ကွင်း — စာ ၈
- ➢ မောင်တို့ ကြားကြကုန်လော့၊ မယ်တို့ ကြားကြကုန်လော့ — လှိုင်အောင်၏ ဆောင်းပါး စာ ၉
- ➢ မြန်မာ့လွတ်လပ်ရေး ထိန်းသိမ်းပေး — မောင်ရွှေနွယ်(အင်းလေး)၏ ကဗျာ စာ ၁၀
- ➢ လွတ်လပ်ချမ်းသာ နေလိုပါလျှင် — ခွန်ရဲသွေး(အေးသာယာ)၏ ကဗျာ စာ ၂၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို ကျောက်တန်းမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျောက်တန်းမြို့နယ် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ဂုနာရီခွဲတွင် အဆိုပါလမ်းထိပ် မုခ်ဦး၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက လမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကိုရှင်းလင်းတင်ပြကာ တိုင်းမှူး၊ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုပြိုကွဲရေး မလိုလားဘူး အမြင်းကျောဝင် ရည်းစားတော်

လွတ်လပ်ချမ်းသာ နေလိုပါလျှင်

* လွတ်လပ်ချမ်းသာ၊ နေလိုပါလျှင်
ဒို့ရွာ ဒို့ပြည်၊ သာမောစည်အောင်
ဒို့သည် စွမ်းစ၊ ရှိသမျှဖြင့်
ကြံဆနိုးကြား၊ ဒို့ကြိုးစားလျက်
စွမ်းအားကိုယ်စီ ရှိရမည်။

* လွတ်လပ်ချမ်းသာ၊ နေလိုပါလျှင်
ဝဲယာအဖျက်၊ ဘယ်သို့ဖျက်လည်း
တွဲလက်ခိုင်မာ၊ ညီညွတ်စွာလျှင်
မြန်မာပြည်ဖွား၊ ပြည်သူများက
စိတ်ထားမယိုင်၊ ကိုယ့်ပန်းတိုင်ကို
လှမ်းကိုင်အရောက် ချီရမည်။

* လွတ်လပ်ချမ်းသာ၊ နေလိုပါလျှင်
စိတ်မှာမွန်မြတ်၊ သတိချပ်လျက်
လွတ်လပ်ရေး၏ တန်ဖိုးသိလော့
ရှိနေတုန်းမှာ၊ မသိသာလည်း
ရံခါအမှား၊ ကြုံဘိငြား၍
ဆုံးပါးလေသေး၊ လွတ်လပ်ရေးကို
သွေးချွေးများစွာ၊ နှစ်ရှည်ကြာလျှင်
ပေးကာဆပ်မှ၊ ပြန်၍ရ၏
သာကေများစွာ၊ ကြုံဖူးပါသည်
မြန်မာပြည်သား၊ ဒို့အများလျှင်
တစ်ပါးသူ့အောက်၊ မရောက်စေရေး
အစဉ်တွေးလျက်
လေးနက်စိတ်ကြံ၊ သန္နိဋ္ဌာန်ဖြင့်
ဝေဖန်ပိုင်းခြား၊ တိုင်းရင်းသားတို့
မခြားကေန်၊ လက်တွဲရန်မှာ
နိုင်ငံတော်နှင့် ပြည်သူနှင့်။
တပ်မတော်နှင့် အောင်ပွဲဆင့်။
လွတ်လပ်ချမ်းသာ နေထိုင်ခွင့်။ ။

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုလျက် –

ခွန်ရဲသွေး (အေးသာယာ)

စပါးသီးနှံအလေအလွင့် မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီး ကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်း လုပ်ငန်းများကို ဆက်တိုက် မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါးသုံးတင်းလေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်း သန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေးညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်းလုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။